မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃ ရက်၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၁၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၉၃)

ဧပြီ ၁၀ ရက်က ပုဂံနန်းမြင့်မျှော်စင်ကို ဖွင့်လှစ်အပြီး တွေ့မြင်ရစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပုဂံနန်းမြင့်မျှော်စင်ဖွင့်ပွဲ တက်ရောက်ချီးမြှင့် ပုဂံနန်းမြင့်မျှော်စင် ၁၃ ထပ် တက်ရောက်ပြီး ပုဂံမြို့ရှုခင်းနှင့် ဘုရားစေတီမွမ်းမံမှုကြည့်ရှု မျှော်စင်ကို ခေတ်မီအဆင့်မြင့်နည်းပညာများအသုံးပြုပြီး မြန်မာမှုလက်ရာများဖြင့် တည်ဆောက်ထား

ရန်ကုန် ဧပြီ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက် စနာရီခွဲတွင် ရန်ကုန်မြို့မှ မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံ–ညောင်ဦးလေဆိပ်သို့ လေယာဉ်ဖြင့် ရောက်ရှိကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ ပုဂံမြို့ရှုခင်းနှင့် ပုဂံနန်းမြင့်မျှော်စင်အနီးတည်ဆောက်လျက်ရှိသည့် ဟိုတယ်စီမံကိန်း အဆောက်အအုံများကို ပုဂံနန်းမြင့်မျှော်စင်မှ ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

နိုင်ငံတော်ဝန်ကြီးချုပ်၏ လာအိုနိုင်ငံချစ်ကြည်ရေးခရီးစဉ် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ဖြစ်ထွန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့သည် အပြန်အလှန်လေးစားမှု၊ အပြန်အလှန် နားလည်စာနာမှုတို့ကို အခြေခံသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ထားနိုင်သော နိုင်ငံများဖြစ်ကြသည်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှုများကြောင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာ တည်တံ့လျက် ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ဝန်ကြီးချုပ်များ၏ဖိတ်ကြားချက်အရ ဧပြီလ ၆ ရက်နေ့မှ ၉ရက်နေ့အတွင်း အဆိုပါနိုင်ငံအသီးသီးသို့ ချစ်ကြည်ရေးခရီး အလည်အပတ် သွားရောက်ခဲ့သည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း ဧပြီလ ၆ ရက်နေ့က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ သမ္မတအိမ်တော်ခန်းမသို့ သွားရောက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံအား တွေ့ဆုံနှုတ်ဆက်စဉ် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ရှင်းလင်းပြောကြားရာ၌-

"ယခုကဲ့သို့ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးကို မြှင့်တင်နေခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားညီလာခံ ကျင်းပလျက်ရှိပါကြောင်း၊ ချမှတ်ခဲ့သည့် နိုင်ငံတော်မူဝါဒလမ်းစဉ်(၇)ရပ်ကို အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း"

ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံက ရှင်းလင်းပြောကြားရာ၌-

"မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို သိရှိရပါကြောင်း၊ အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပနေခြင်းနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အောင်မြင်စွာ ကျင်းပခဲ့ခြင်းများအတွက် ဝမ်းမြောက်ပါကြောင်း၊ လာအိုအစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံအား အမြဲထောက်ခံမှုပေးမည် ဖြစ်ပါကြောင်း၊ ပြည်ပအဖျက်သမားများ၏ စွပ်စွဲချက်များ၊ ဖိအားပေးမှုများကို ဂရုမပြုဘဲ နိုင်ငံတိုးတက်ရေးအတွက်သာ အားစိုက်ရန်လိုပါကြောင်း"

ပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုများကို ထင်ဟပ်ဖော်ပြနိုင်ခဲ့ပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံကလည်း မြန်မာနိုင်ငံအပေါ် အိမ်နီးချင်းကောင်းပီသစွာဖြင့် ထောက်ခံအားပေးမှုများ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခဲ့ပေသည်။

မြန်မာ-လာအိုနှစ်နိုင်ငံသည် ယခင်ကတည်းက အစဉ်အလာကောင်းများ တည်ရှိခဲ့သည်။ မြန်မာနှင့်လာအို နယ်စပ်ဒေသသည် တည်ငြိမ်အေးချမ်းလျက်ရှိပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်မြင့်မားလျက်ရှိသည်ကို တွေ့မြင်နေရသည်။ နှစ်နိုင်ငံ ဒေသဆိုင်ရာတာဝန်ရှိသူများ၏ ကြိုးပမ်းမှုများကြောင့် နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ခဲ့ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် လာအိုနိုင်ငံနှင့် ကဏ္ဍအများအပြားတွင် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် အကူအညီများ ပေးခဲ့ပေသည်။ ဆက်လက်၍ လာအိုနိုင်ငံကလည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများတွင် အကျိုးရှိသည့် ရလဒ်များ ထွက်ပေါ်လာစေရန်အတွက် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ်(၅၀)ပြည့်မြောက်မည့် လာမည့်ဇူလိုင်လတွင် နှစ်နိုင်ငံအကြား အစဉ်အလာရှိသော ဆက်ဆံရေးအထိမ်းအမှတ်ကျင်းပရေး ညှိနှိုင်းဆောင်ရွက်လိုကြောင်း သိရပေသည်။

သို့ဖြစ်ရာ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်ချစ်ကြည်ရေး လည်ပတ်မှုများကြောင့် ပေါ်ထွက်လာသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံအကြား အကျိုးစီးပွားကို ပိုမိုတိုးတက်ဖြစ်ထွန်းစေမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေကြောင်းပို့ဆောင်ရေးကဏ္ဍသည် တပ်မတော်(ရေ)၏ အရန်အင်အားဖြစ် မှန်ကန်သည့် အတွေးအခေါ်နှင့် ကျရာတာဝန်ကို တိတိကျကျဆောင်ရွက်

ရန်ကုန် ဧပြီ ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံ၊ ကုန်သွယ်ရေကြောင်း အရာရှိလောင်း သင်တန်းအမှတ်စဉ် (စီဒီ/၃၂)ဆင်းပွဲနှင့် (စီဒီ/၃၃) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီခွဲက ဘုရင့်နောင်လမ်းရှိ ရေကြောင်းပညာသိပ္ပံ စစ်ရေးပြကွင်း၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ အထူးအရာရှိဗိုလ်မှူးချုပ်မျိုးတင်၊ ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီး ဦးဝင်းသိမ်းနှင့် ဝန်ကြီးဌာနအောက်ရှိဌာနများမှ ဌာနအကြီးအကဲများ၊ ဌာနမှူးများ၊ သင်တန်းဆင်း အရာရှိလောင်းများ၊ သင်တန်းတက်ရောက်မည့် အရာရှိလောင်းများ၊ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

ရှေးဦးစွာ စစ်ရေးပြတပ်ခွဲများက ဝန်ကြီးအား အလေးပြုကြသည်။ ယင်းနောက် ဝန်ကြီးက စံပြအရာရှိလောင်းဆု(ရေကြောင်း)၊ စံပြအရာရှိလောင်းဆု (အင်ဂျင်နီယာ)၊ စာပေထူးချွန်ဆု (ရေကြောင်း)၊ စာပေထူးချွန်ဆု (အင်ဂျင်နီယာ)နှင့် စစ်ရေးပြထူးချွန်ဆု(အင်ဂျင်နီယာ) ထူးချွန်ဆုရရှိသူတို့အား ဆုများချီးမြှင့်သည်။

အမှာစကားပြောကြား

ထို့နောက် ဝန်ကြီးက အမှာစကား ပြောကြားရာ၌ ရေကြောင်းပို့ဆောင်ရေးကဏ္ဍသည် တပ်မတော်(ရေ)၏ အရန်အင်အား ဖြစ်သည့်အတွက် မျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထား၍ မှန်ကန်သည့် အတွေးအခေါ်နှင့် ကျရာတာဝန်များကို ရိုးသားသော စိတ်ဓာတ်၊ ထက်မြက်သော လုံ့လဝီရိယ၊ ခွဲသတ္တိတို့ဖြင့် တိတိကျကျ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေသည့် ယခုချိန်ခါတွင် အမိနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိလူမျိုး၏ အမျိုးသားရေး ဂုဏ်သိက္ခာတို့ကို ထိန်းသိမ်း မြှင့်တင်စွမ်းဆောင်ပေးနိုင်မည့် နိုင်ငံတော်က အားထားရသော ရေကြောင်း မျိုးဆက်သစ် အရာရှိခေါင်းဆောင်ငယ်များဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျောင်းဆင်း တပ်ခွဲများက ဝန်ကြီးအား စစ်ကြောင်းဖြင့် ချီတက်အလေးပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ကုန်သွယ်ရေကြောင်း အရာရှိလောင်း သင်တန်းအမှတ်စဉ် (စီဒီ/၃၂) ထူးချွန်ဆုပေးပွဲနှင့် သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို အရာရှိလောင်း စားရိပ်သာခန်းမ၌ ဆက်လက် ကျင်းပရာ ရေကြောင်း ပညာသိပ္ပံကျောင်းအုပ်ကြီး ဦးဝင်းသိမ်းက အမှာစကားပြောကြားပြီးနောက် ထူးချွန်ဆုရ သင်တန်းသား၁၃ဦးနှင့်သင်တန်းတွင် အတော်ဆုံး၁၀ဦးတို့အား ဆုများချီးမြှင့်သည်။

အောင်လက်မှတ်ပေးအပ်

ဆက်လက်၍ ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများက သင်တန်းအမှတ်စဉ်(စီဒီ/၃၂)မှ ကုန်သွယ်ရေကြောင်း အရာရှိလောင်း၁၅၀နှင့် ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာ အရာရှိလောင်း၁၅၁ဦး စုစုပေါင်း၃၀၁ဦးတို့အား သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂ရက်က ဗိုလ်တထောင်မြို့နယ် အထက(၄)တွင် ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်အတွက် အခြေခံပညာအလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲအခမ်းအနားကျင်းပရာ အဋ္ဌမတန်း(ခ)မှ မဝိုင်းဟန်နီအုန်းမြင့်အား ကျောင်းအုပ်ဆရာမကြီးဒေါ်မြမြသိန်းက ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၁-၄-၂၀၀၅
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာသကြီန်
၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် **(The Role of Supervisor)** ဒုတိယနှစ် စီးပွား/စီမံ အထူးပြု
၅:၁၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၃၅ ၁၀။ မြန်မာသကြီန်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၃၀)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မေးမြန်းစူးစမ်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်သူ သူရဲကောင်း"** အပိုင်း(၁)

✡ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ပုဂံ–ညောင်ဦးလေဆိပ်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ကျောက်ပန်းတောင်း တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် Htoo Trading Co.,Ltd. ၏ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ပုဂံနန်းမြင့်မျှော်စင်နှင့် ဟိုတယ် တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ပုဂံနန်းမြင့်မျှော်စင်တည်ဆောက်ရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Htoo Trading Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးတေဇက ပုဂံနန်းမြင့်မျှော်စင် တည်ဆောက်ခဲ့မှုနှင့် နန်းမြင့်မျှော်စင်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

မျှော်စင်ဖွင့်ပွဲတက်ရောက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် ပုဂံနန်းမြင့်မျှော်စင်ရှေ့၌ ကျင်းပသည့် ပုဂံ နန်းမြင့်မျှော်စင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ပုဂံနန်းမြင့်မျှော်စင်ဖွင့်ပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ညောင်ဦးခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ Htoo Trading Co., Ltd.မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ပုဂံနန်းမြင့်မျှော်စင်ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် Htoo Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးတေဇတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ပုဂံနန်းမြင့်မျှော်စင် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ပုဂံမြို့ရှုခင်းကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် ဓာတ်လှေကားဖြင့် ၁၁ထပ်သို့ တက်ရောက်ကြပြီး View Deck မှနေ၍ ပုဂံမြို့ရှုခင်းကို ကြည့်ရှုကြသည်။

ဆက်လက်၍ ၁၃ ထပ် Open View Deck သို့ တက်ရောက်၍ ပုဂံမြို့ရှုခင်း၊ ဘုရားစေတီများပြုပြင်မွမ်းမံပြီးစီးမှုနှင့် ပတ်ဝန်းကျင်သာယာလှပမှုအခြေအနေများကို ကြည့်ရှုကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

စာမျက်နှာ ၅ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပုဂံနန်းမြင့်မျှော်စင် မြေညီထပ်ရှိ Business Room များ၊ ရုံးခန်းနှင့် ဆိုင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)



ပုဂံနန်းမြင့်မျှော်စင်

- ❒ ပုဂံနန်းမြင့်မျှော်စင်မှာ ၁၉၈ ပေမြင့်ပြီး အချင်း ၅၄ ပေ ကျယ်ဝန်းသည့် နန်းမြင့်မျှော်စင်ဖြစ်၊
- ❒ အထပ်ပေါင်း ၁၃ထပ်ပါရှိပြီး သဘာဝဘေးအန္တရာယ်များဖြစ်သည့် မုန်တိုင်းဒဏ်နှင့် ငလျင်ဒဏ်တို့ကိုလည်း ခံနိုင်ရန် ခေတ်မီ အဆင့်မြင့်နည်းပညာကို အသုံးပြု၍ တည်ဆောက်ထား၊
- ❒ မြေညီထပ်၌ Business Center၊ ရုံးခန်းနှင့် ဆိုင်ခန်းများပါရှိပြီး ပထမထပ်မှာ Waiting Lounge များဖြစ်၊
- ❒ ဒုတိယထပ်၌ စည်းဝေးခန်းမ၊ Bagan History Video Show Room နှင့် Coffee Shop များရှိ၊
- ❒ တတိယထပ်၌ Store Room များရှိပြီး စတုတ္ထထပ်၊ ပဉ္စမထပ်၊ ဆဋ္ဌမထပ်၊ သတ္တမထပ်တို့မှာ ရုံးခန်းများဖြစ်ကာ ကိုးထပ်နှင့် ၁၀ ထပ်တို့မှာ Restaurant Deck များ ဖြစ်ပြီး ၁၁ ထပ်မှာ Viewing Deck နှင့် ၁၃ ထပ်မှာ Open Viewing ˚Deck ဖြစ်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပုဂံနန်းမြင့်မျှော်စင် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ပုဂံနန်းမြင့်မျှော်စင်ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် Htoo Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးတေဇတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

နယူးဒေလီနှင့် ကွာလာလမ်ပူအကြား စီးပွားရေးဆက်ဆံမှုတိုးမြှင့်ရန် အိန္ဒိယ ဂျက်အဲယားဝေးလေကြောင်းခရီးစဉ်များ စတင်ပျံသန်းတော့မည်

ကွာလာလမ်ပူ ဧပြီ ၉

နယူးဒေလီနှင့် ကွာလာလမ်ပူအကြား စီးပွားရေးဆက်ဆံမှု တိုးမြှင့်စေရေး ဆောင်ရွက်မှုအဖြစ် ယခုဧပြီ ၂၉ရက်မှစတင်ကာ အိန္ဒိယနိုင်ငံမှ ဂျက်အဲယားဝေး လေကြောင်းလိုင်းက လေယာဉ်များ မလေးရှားနိုင်ငံသို့ စတင်ပျံသန်းပေးတော့မည်ဖြစ်ကြောင်း လေကြောင်းအရာရှိကြီးတစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံ ချန်နိုင်မှ ကွာလာလမ်ပူမြို့သို့ နေ့စဉ်ပျံသန်းပေးရာတွင် ဘိုရင်း ၇၃၇-၈၀၀လေယာဉ်အသစ်များကို အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း မလေးရှားလေဆိပ်ဟိုဒင်းဘတ်မှ မန်နေဂျာတစ်ဦးဖြစ်သူ မိုဟာမက်ဆယ်လူဒင်မတ်ဆတ်က ပြောကြားသည်။

ပို့ဆောင်ပေးမည်

အိန္ဒိယသည် နောက်ထပ်ပေါ်ထွက်လာသော ဈေးကွက်သစ်တစ်ခုဖြစ်ကြောင်း၊ အိန္ဒိယမှ ခရီးသွားများ မလေးရှားနိုင်ငံသို့ ပိုမိုသယ်ယူပို့ဆောင်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ ခရီးသွားများသယ်ယူပို့ဆောင်ပေးရာတွင် ကွာလာလမ်ပူနိုင်ငံတကာလေဆိပ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း မစ္စတာမတ်ဆတ်က ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့တွင်ပြောကြားသည်။ ထို့အတူ ဂျက်အဲယားဝေးလေကြောင်းနှင့် ပြိုင်ဘက်ဖြစ်သည့် အဲယားဆာဟာရာကလည်း ယင်းတို့၏ကိုယ်ပိုင်လေယာဉ်များဖြင့် ကွာလာလမ်ပူလေဆိပ်သို့ ပျံသန်းမည်ဖြစ်ကြောင်း ပြောကြားသည်ဟု မစ္စတာမတ်ဆတ်က ထပ်မံပြောကြားသည်။

လက်မှတ်ခလျှော့မည်

ဂျက်အဲယားဝေးအနေဖြင့် စတင်ပျံသန်းမည့် ပထမလအတွက် လေယာဉ်လက်မှတ်ခများကို ဈေးနှုန်းလျှော့ချပေးသွားမည်ဖြစ်ကြောင်းလည်း ဂျက်အဲယားဝေးမှ အရာရှိတစ်ဦးက ပြောကြားသည်။ ဂျက်အဲယားဝေးလေကြောင်းလိုင်းသည် ၁၉၉၃ခုနှစ်တွင် စတင်ပျံသန်းမှုများ ပြုလုပ်ခဲ့ပြီး လေယာဉ်အစင်းပေါင်း ၄၂စင်းရှိကာ အိန္ဒိယနိုင်ငံအတွင်း နေ့စဉ်ပျံသန်းမှုခရီးစဉ် ၂၇၁ခုရှိကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာလှည့်ခရီးသွား ဧည့်သည်နှစ်ဦးအား ရုရှားနိုင်ငံက အာကာသသို့ ပို့ဆောင်ပေးမည်

မော်စကို ဧပြီ ၉

ရုရှားနိုင်ငံသည် ခရီးသွားဧည့်သည်နှစ်ဦးအား နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်)သို့ ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ခုနှစ်တို့တွင် ပို့ဆောင်ပေးလိမ့်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံအာကာသ အေဂျင်စီ အကြီးအကဲက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

လောလောဆယ်တွင် မိမိတို့သည် ဂျပန်နှင့် အခြားတစ်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်နှစ်ဦးအား ကမ္ဘာပတ်လမ်းကြောင်းအတွင်း ပို့လွှတ်တင်ပေးရန် စီမံဆောင်ရွက်မှုများပြုလုပ်နေပြီဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တွင် ယင်းတို့ကို ပို့ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ရုရှားအေဂျင်စီ အဖွဲ့ချုပ်အကြီးအကဲအနာတိုလီပါမီနော့ဗ်၏ ပြောကြားချက်ကို အီတာတာ့စ်သတင်းဌာနက ကိုးကားဖော်ပြသည်။

ယင်းလွှတ်တင်မည့် အာကာသယာဉ်ခရီးများကို အိုင်အက်စ်အက်စ်အဖွဲ့ဝင်နိုင်ငံများဖြစ်သော အမေရိကန်၊ ရုရှား၊ ဥရောပ အာကာသအေဂျင်စီ၊ ကနေဒါနှင့် ဂျပန်တို့၏ သဘောတူညီမှု ယူရမည်ဖြစ်ကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

ကမ္ဘာ့ပထမဆုံးအာကာသခရီး သွားဧည့်သည်များအဖြစ် အမေရိကန် သန်းကြွယ်သူဌေးနှင့် နာဆာအင်ဂျင်နီယာဟောင်း ဒင်းနစ်တီတိုးသည် ရုရှားမှ ဆိုရုဇ်အာကာသယာဉ်ဖြင့် ဒေါ်လာ သန်း ၂၀ ပေးဆောင်ကာ၂၀၀၁ ခုနှစ် မေလက အိုင်အက်စ်အက်စ်၌ ရှစ်ရက်ကြာ သွားရောက်လည်ပတ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံက ၂၀၂၅ခုနှစ်တွင် လကမ္ဘာသို့ လူလိုက်ပါသည့် အာကာသယာဉ် လွှတ်တင်ရန် စတင်စီစဉ်နေ

တိုကျို ဧပြီ ၉

ဂျပန်နိုင်ငံသည် လာမည့်နှစ်၂၀အတွင်း လသို့လူလိုက်ပါသည့် အာကာသယာဉ် လွှတ်တင်နိုင်ရန် ဂျပန်နိုင်ငံလုပ် ဒီဇိုင်းတစ်ခုစတင်ရေးဆွဲဆောင်ရွက်ရေးအတွက် အာကာသ စူးစမ်းလေ့လာရေး ရေရှည် စီမံကိန်းတစ်ရပ်ကို ဂျပန် အာကာသစူးစမ်းရေးအေဂျင်စီက ဆောင်ရွက်နေပြီဖြစ်ကြောင်း ဂျာဇာအရာရှိများက ဗုဒ္ဓဟူးနေ့တွင်ပြောကြားသည်။

ထုတ်လုပ်မည်

အဆိုပါ စီမံကိန်းတွင် ဂျပန်ပြည်တွင်းလုပ် H-2A ဒုံးပျံကို နည်းပညာတိုးတက်မှုများအပေါ်တွင် အခြေခံပြီး ၁၀ နှစ်အတွင်း လူလိုက်ပါနိုင်မည့် ဒုံးပျံ ယာဉ်တစ်ခုကို ဂျာဇာက ထုတ်လုပ် ပေးရမည်ဖြစ်သည်။

ပြောင်းလဲ

ဂျပန်အစိုးရအနေဖြင့် လာမည့် ၂၀၂၅ ခုနှစ်တွင် လူလိုက်ပါသည့် အာကာသယာဉ်ကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ပြီးလျှင် အဆိုပါ အာကာသယာဉ်ကို နည်းပညာပေါင်းစပ်မှုများဖြင့် လူလိုက်ပါမှုမရှိသည့် အာကာသယာဉ်ကိုထုတ်လုပ်ပြီး နိုင်ငံတကာအာကာသယာဉ်စခန်းသို့ အာကာသကုန်တင်ယာဉ်အဖြစ်လည်း ပြောင်းလဲအသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။

ထုတ်ပေးမည်

ဂျပန်နိုင်ငံအာကာသစူးစမ်း လေ့လာရေးအေဂျင်စီ(ဂျာဇာ)အနေဖြင့် အာကာသစူးစမ်းလေ့လာရေးစီမံကိန်းကို ပထမဆုံးရေးဆွဲနေပြီဖြစ်ပြီး လိုအပ်သောငွေကြေးများကိုလည်း နိုင်ငံတော်ဘတ်ဂျက်က ထုတ်ပေးမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အသစ်ထုတ်လုပ်ထားသော လက်ကိုင်သီချင်းဖွင့်စက် အငယ်စားလေးအား ဝန်ထမ်းတစ်ဦးက ပြသနေသည်ကို ဧပြီ ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံအင်တာနက်)

ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဧပြီ ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ တိုက်လေယာဉ်များ ဖက်စပ်ထုတ်လုပ်မှုစတင်

အစ္စလမ္မာဘတ် ဧပြီ ၉

ပါကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံနှင့် JF-17 တိုက်လေယာဉ် ဖက်စပ်ထုတ်လုပ်ခြင်းကို အင်္ဂါနေ့က စတင်ခဲ့သည်။ JF-16 ဂျက်လေယာဉ်များ ထောက်ပံ့ရန် အမေရိကန်ပြည်ထောင်စုက ဆုံးဖြတ်ခဲ့ပြီး ရှေ့ဆင့်နောက်ဆင့်တွင် ထိုသို့ထုတ်လုပ်မှု စတင်ခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က အဆိုပါ JF-17တိုက်လေယာဉ် စတင်ထုတ်လုပ်မှုသည် တရုတ်ဝန်ကြီးချုပ် ဝမ်ကျား ပေါင် ပါကစ္စတန်နိုင်ငံသို့ အင်္ဂါနေ့က စတင်လာရောက်လည်ပတ်မှုနှင့် တိုက်ဆိုင်နေသည်။ အဆိုပါလေယာဉ်ကို တရုတ်နိုင်ငံတွင် ပြီးခဲ့သောနှစ်က စတင်စမ်းသပ်ပျံသန်းခဲ့ပြီးနောက် နှစ်နိုင်ငံစလုံးက ယင်းလုပ်ငန်းကို စတင်အကြံရခဲ့ကြသည်။

ဖြည့်စွမ်းမည်

ပါကစ္စတန်သည် ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့များအတွက် ၎င်း၏ လက်နက်လိုအပ်ချက်များကို ဖြည့်စွမ်းမည်ဖြစ်ကြောင်း နိုင်ငံပိုင်ပီတီဗွီ သတင်းဌာနက ကိုးကားဖော်ပြသည်။

ယင်းကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နိုင်မှုသည် ဝမ်ကျားပေါင်၏ ခရီးစဉ်နှင့်အတူ ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ရောင်ပြန်ဟပ်စေကြောင်း ပါကစ္စတန်သမ္မတက ပြောကြားသည်။

အစ္စလမ္မာဘတ်နှင့် ပေကျင်းသည် လွန်ခဲ့သော အနှစ်နှစ်ဆယ် ကျော်ကာကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ JF-17စီမံကိန်းကို နှစ်နိုင်ငံစလုံးက စတုတ္ထ လေယာဉ်မျိုးဆက်ကို ရရှိစေရန် ကြိုးပမ်းနေချိန်တွင် လွန်ခဲ့သော နှစ်အနည်းငယ်က စတင်ဆောင်ရွက်ခဲ့သည်ဟုဆိုသည်။

အဆိုပါ လေယာဉ်ဖက်စပ်ထုတ်လုပ်မှုကို ဝမ်ကျားပေါင် အစ္စလမ္မာဘတ်သို့ သုံးရက်ကြာခရီး မရောက်မီနာရီပိုင်းအလိုတွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါနှစ်နိုင်ငံက ပါကစ္စတန်ရေတပ်အတွက် ဖရီဂိတ်သင်္ဘောလေးစင်းတည်ဆောက်ပေးရန် စာချုပ်တစ်ရပ်ကိုချုပ်ဆိုခဲ့ကြောင်းသိရသည်။**အမ်အင်အေ၊ ပီတီအိုင်**

ဗီယက်နမ် နိုင်ငံတကာကုန်စည်ပြပွဲ ဟန္နိုင်းတွင်ဖွင့်လှစ်

ဟန္နိုင်း ဧပြီ ၉

(၁၅) ကြိမ်မြောက် ဗီယက်နမ် နိုင်ငံတကာကုန်စည်ပြပွဲကို ဗီယက်နမ်နှင့်အာရှ၊ ဥရောပနှင့်အမေရိကမှ နိုင်ငံခြားကုမ္ပဏီ ၅၀၀၏ထုတ်ကုန်များဖြင့် ဟန္နိုင်းတွင် ဗုဒ္ဓဟူးနေ့က ဖွင့်လှစ်ခဲ့သည်။

ဗီယက်နမ် ကုန်စည်ပြပွဲ ၂၀၀၅ သည် နိုင်ငံများစွာရှိ ကုမ္ပဏီလုပ်ငန်း ဌာနများအတွက် ၎င်းတို့၏အကောင်းဆုံးထုတ်ကုန်များကို စင်တင်ပြသနိုင်ရုံသာမက ဆန်းသစ်သည့် နည်းပညာများကိုလည်း လုပ်ဖော်ကိုင်ဖက်များထံမှ ရှာဖွေရယူခွင့်လည်းရှိမည်ဖြစ်ပြီး နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ပေါင်းစည်းမှုနှင့်အညီ ရေရှည်စီးပွားရေးဆက်ဆံမှုကိုလည်း ထူထောင်နိုင်မည်ဖြစ်ကြောင်း ငါးရက်ကြာကျင်းပမည့် ကုန်စည်ပြပွဲဖွင့်ပွဲတွင် ဗီယက်နမ်ကုန်သွယ်ရေးဒုတိယဝန်ကြီး လွန်ဗင်တူက ပြောကြားသည်။

ပြပွဲအတွင်း အဓိကအကြောင်းအချက်များနှင့် သက်ဆိုင်သည့် စီးပွားရေးဖိုရမ်နှင့် ဆွေးနွေးပွဲများကိုလည်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

တရုတ်၊ မြောက်ကိုရီးယား၊ ဂျပန်၊ ချက်နှင့်ကျူးဘားနိုင်ငံများအပါအဝင် ဒေသနှင့်နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အများဆုံးပူးပေါင်းပါဝင်ပြသသည့် ကုမ္ပဏီလုပ်ငန်းဌာနများသည် အစားအစာ၊ ပရိဘောဂ၊ လျှပ်စစ်၊ သတင်းအချက်အလက်နည်းပညာ၊ ဝတ်စား ဆင်ယင်မှု၊ စက်ပစ္စည်းနှင့်ဆောက်လုပ်ရေးပစ္စည်းများကို ပြသခဲ့ကြသည်။

ပြီးခဲ့သည့် နိုင်ငံတကာကုန်စည်ပြပွဲ (ဗီယက်နမ်ကုန်စည်ပြပွဲ ၂၀၀၄)ကို ဒေသနှင့်နိုင်ငံပေါင်း ၂၀မှကုမ္ပဏီ ၅၆၈ ခုတက်ရောက်ခဲ့ကြပြီး အမေရိကန်ဒေါ်လာ စုစုပေါင်း ၂၅၃ သန်း ကုန်ထရိုက်စာချုပ် ချုပ်ဆိုခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

စာမျက်နှာ ၃ မှ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ၁၀ ထပ်မှလည်း ပုဂံမြို့ရှခင်းနှင့် ပုဂံနန်းမြင့်မျှော်စင်အနီး တည်ဆောက်လျက်ရှိသည့် ဟိုတယ်စီမံကိန်းအဆောက်အအုံများကို ကြည့်ရှုကြသည်။

ဆက်လက်၍ မြေညီထပ်ရှိ Business Room များ၊ ရုံးခန်းနှင့် ဆိုင်ခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ပုဂံနန်းမြင့်မျှော်စင်အနီး တွဲဖက်တည်ဆောက်နေသော Htoo Trading Co., Ltd. ၏ ဟိုတယ် စီမံကိန်းလုပ်ငန်းများနှင့် ဆောက်လုပ်ပြီး တည်းခိုဆောင်များ၊ အခန်းဖွဲ့စည်းထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆင့်မြင့်နည်းပညာအသုံးပြု

ပုဂံနန်းမြင့်မျှော်စင်မှာ ၁၉၈ ပေမြင့်ပြီး အချင်း ၅၄ ပေကျယ်ဝန်းသည့် နန်းမြင့်မျှော်စင်ဖြစ်သည်။ အထပ်ပေါင်း ၁၃ ထပ်ပါရှိပြီး သဘာဝဘေးအန္တရာယ်များဖြစ်သည့် မုန်တိုင်းဒဏ်နှင့် ငလျင်ဒဏ်တို့ကိုလည်း ခံနိုင်ရန် ခေတ်မီ အဆင့်မြင့်နည်းပညာကို အသုံးပြု၍ တည်ဆောက်ထားသည်။

မြေညီထပ်၌ Business Center၊ ရုံးခန်းနှင့် ဆိုင်ခန်းများရှိသည်။

ပထမထပ်မှာ Waiting Lounge များဖြစ်သည်။ ဒုတိယထပ်၌ စည်းဝေးခန်းမ၊ Bagan History Video Show Room နှင့် Coffee Shop များရှိသည်။ တတိယထပ်၌ Store Room များရှိပြီး စတုတ္ထထပ်၊ ပဉ္စမထပ်၊ ဆဋ္ဌမထပ်၊ သတ္တမထပ်တို့မှာ ရုံးခန်းများဖြစ်သည်။

ကိုးထပ်နှင့် ၁၀ ထပ်တို့မှာ Restaurant Deckများဖြစ်ပြီး ၁၁ ထပ်မှာ Viewing Deck နှင့် ၁၃ ထပ်မှာ Open Viewing Deck ဖြစ်သည်။

ပုဂံနန်းမြင့်မျှော်စင်ကို ခေတ်မီအဆင့်မြင့်နည်းပညာများ အသုံးပြုတည်ဆောက်ထားသကဲ့သို့ မြန်မာမှုလက်ရာများ၊ ပုဂံခေတ်လက်ရာများဖြင့် စနစ်တကျတည်ဆောက်ထားပြီး ပုဂံနန်းမြင့်မျှော်စင်တွင် ၁၁ ယောက်စီး ခေတ်မီအဆင့်မြင့် ဓာတ်လှေကား သုံးစင်းလည်း တပ်ဆင်ထားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁–၄–၂၀၀၅(တနင်္လာနေ့)

၇း၀၀	အဖွင့် ယနေ့အစီအစဉ်
၇း၀၅	မြန်မာစာ မြန်မာစကား
၇း၂၅	ခါသင်္ကြန်အဆိုအက
၇း၃၀	ပြည်တွင်းသတင်း
၇း၃၅	သစ်သီးဝလံပေါပြည့်ဝေဆာ ဥယျာဉ်ခြံမှာ
၇း၄၀	ခါသင်္ကြန်အဆိုအက
၇း၄၅	UEFA. Stories Euro 2004 (Group D)
၈း၃၀	နိုင်ငံတကာသတင်း
၈း၃၅	သွေးလွန်တုပ်ကွေးရောဂါ နှိမ်နင်းရေး
၈း၄၅	ဂီတသံစဉ်အလှဆင်
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	သကြားလုံးစက်ရုံ
၉း၁၅	ပြည်တွင်းသတင်း
၉း၂၀	ဖန်တီးသူတို့အနုပညာ
၉း၄၀	ခါသင်္ကြန်အဆိုအက
၉း၄၅	မိုင်ပေါင်းကုဋေဝေးပါစေ ခရီးတွင်စေတာ မောင်မြန်မာ
၉း၅၅	နိုင်ငံတကာသတင်း
၁၀း၀၀	ခေတ်မီ ပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ပုံအဆင့်ဆင့်
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀း၂၅	ခါသင်္ကြန် အဆိုအက
၁၀း၃၀	ကြမ်းခင်းတုံးထုတ်လုပ်မှုလုပ်ငန်း
၁၀း၄၀	မျက်လှည့်ပဒေသာပျော်ရွှင်စရာ
၁၁း၀၀	အပိတ်

အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

သင်္ကြန်တွင်း သီလပေးတရားဟောကြားမည်

ရန်ကုန် ဧပြီ ၁၀

ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း အောင်မြေသုခကျောင်းတိုက်၌ ဒုလ္လဘရဟန်းခံရှင်ပြုပွဲနှင့် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ နာလန္ဒာတက္ကသိုလ် ဆရာတော် သီလာနန္ဒ(M.A)သည် မဟာသင်္ကြန်အကြိုနေ့ (ဧပြီ ၁၃ ရက်)မှ မြန်မာနှစ်ဆန်းတစ်ရက်နေ့ (ဧပြီ ၁၇ ရက်)အထိ နေ့စဉ် နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ဗိုလ်ချို ၁ ရပ်ကွက် အောင်မြေသုခကျောင်းတိုက်အတွင်း လောကမုနိ အောင်မြေချမ်းသာရဆုတောင်းပြည့်ဘုရားကြီးတွင် သီလပေး ရေစက်ချတရားတော်များ ဟောကြားချီးမြှင့်မည်ဟု သိရသည်။ **(က–ပ)**

စတုဒိသာလှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၀

ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်၁၉ စံပြရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ စုပေါင်း၍ မဟာသင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ မြန်မာ့ရိုးရာအစားအစာများဖြင့် စတုဒိသာ ကျွေးမွေးလှူဒါန်းမည်ဖြစ်သည်။ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ညနေတွင် ရပ်ကွက်အတွင်းရှိ အသက် ၈၀ နှင့်အထက် ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဟန္နိုင်းမြို့ရှိ လွန်ခဲ့သော ၁၇ ရာစုခန့်က ဗီယက်နမ်နိုင်ငံ၏ ပထမဦးဆုံးသော ရှေးဟောင်းတက္ကသိုလ်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဗီယက်နမ်ရှေးဟောင်းတက္ကသိုလ် ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၁၀

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဧပြီ ၇ ရက် ညနေ ၅ နာရီတွင် ဟန္နိုင်းမြို့ရှိ လွန်ခဲ့သော ၁၇ ရာစုခန့်က ဗီယက်နမ်နိုင်ငံ၏ ပထမဦးဆုံးသော ရှေးဟောင်းတက္ကသိုလ်ကို သွားရောက် ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြသ

နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယဉ်ကျေးမှုဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှေးဟောင်းတက္ကသိုလ်အတွင်းရှိ ရှေးဟောင်းကျောက်ထက်အက္ခရာနှင့် စာပေတို့ကို လိုက်လံ ရှင်းလင်းပြသကြသည်။

ဧည့်ခံဖျော်ဖြေ

ထို့နောက် ဗီယက်နမ်ရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာတူရိယာများကို တီးမှုတ်၍ ရိုးရာတေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

အမှတ်(၂) မူလတန်းကြိုကျောင်း(မန္တလေး) ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၀

လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၂) မူလတန်းကြိုကျောင်း (မန္တလေး)၏ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၈ရက် နံနက် ၈နာရီက မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်ရှိ အဆိုပါကျောင်း၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြတ်ငွေ၊ မန္တလေးတိုင်း တိုင်းလူမှုဝန်ထမ်းအရာရှိ အမှတ်(၂) မူလတန်းကြိုကျောင်း ကျောင်းအုပ်နှင့် ဆရာမများ၊ ကျောင်းဆောင်သစ် ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ မူကြိုရင်သွေးငယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အမှတ်(၂) မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ကြည့်ရှုအားပေး

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ကျောင်းအတွင်းရှိ သင်ကြားမှု၊ သင်ယူမှုဘက်စုံခန်းမ၊ ကွန်ပျူတာခန်းမနှင့် ကလေးများကစားနေမှုတို့ကို လှည့်လည် ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းဆောက်လုပ်ရေး လုပ်ငန်းကော်မတီနာယက က ကျောင်းဆောင်သစ် ဆောက်လုပ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇလွန်မြို့ မြို့မဓမ္မာရုံပရိယတ္တိစာသင်တိုက်သို့ ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်း

ရန်ကုန် ဧပြီ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ဧပြီ ၇ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဇလွန်မြို့ မြို့မဓမ္မာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဦးကောလိယအား ဖူးမြော်၍ ယင်းစာသင်တိုက် ဆွမ်းပဒေသာပင်စိုက်ထူသည့် အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါစာသင်တိုက် ဆွမ်းပဒေသာပင်စိုက်ထူရန်အတွက် အလှူရှင်များဖြစ်ကြသော သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ငွေကျပ်တစ်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ်တစ်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က ငွေကျပ်တစ်သိန်း၊ ဦးအေးကြူနှင့် မိတ်ဆွေများက ငွေကျပ်တစ်သိန်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးသာဝင်းနှင့်မိတ်ဆွေများက ငွေကျပ် ၆၇၅၀၀၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးသန်းထွန်းနှင့်မိတ်ဆွေများက ငွေကျပ် ၆၀၅၀၀ နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် ၆၂၈၀၀၀ ကို လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ရောက်ရှိ၊ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်

ရန်ကုန် ဧပြီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဧပြီ ၇ရက် နံနက်ပိုင်းက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် နံနက် ၉နာရီ ၁၀မိနစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ နွိုင်ဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်လတ်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဌာန အကြီးအကဲ Mr. Nguyen Thanh Sam တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ဂုဏ်ပြုပန်းစည်းပေး

ထို့နောက် လေယာဉ်ပေါ်မှ ဆင်းသက်လာသော နိုင်ငံတော် ဝန်ကြီးချုပ်အား မြန်မာအမျိုးသမီး ငယ်လေးတစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင် များသည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်း အနားသို့ တက်ရောက်ရန် ဟနွိုင်းမြို့

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်အား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလေကုန်ဖုန်နှင့် ကြိုဆိုရေးအဖွဲ့ဝင်များက ဟနွိုင်းမြို့ နွိုင်ဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး မစ္စတာလေကုန်ဖုန်၊ အစိုးရ အဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာငုယင်ဗင်လမ်နှင့် ကြိုဆိုရေးအဖွဲ့ဝင်များ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်လတ်နှင့် ဇနီး ဒေါ်ထွေးထွေးမြ၊ မြန်မာသံရုံးနှင့် စစ်သံရုံး ဝန်ထမ်း များနှင့် မိသားစုများက ကြိုဆို နှုတ်ဆက်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား မြန်မာအမျိုးသမီးငယ်လေး တစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်စဉ်။ (သတင်းစဉ်)

နွိုင်ဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးယာဉ်တန်းဖြင့် သမ္မတနန်းတော်သို့ရောက်ရှိကြရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က လှိုက်လှဲခင်မင်လေးစားစွာ ကြိုဆိုနှုတ်ဆက်သည်။ ထို့ပြင် ဗီယက်နမ်အမျိုးသမီးတစ်ဦးကလည်း နိုင်ငံတော်ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ထို့နောက် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့သည် အလေးပြုခံစင်မြင့်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် သီချင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသီချင်းတို့ကို တီးမှုတ်သည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

စာမျက်နှာ ၇ ကော်လံ ၁

11-4 (06).p65 1 3/26/05, 9:52 PM

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့ သမ္မတနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက် ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ပြန်လည်မိတ်ဆက်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်အား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ဂုဏ်ပြုကြိုဆိုပွဲ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများအား နှုတ်ဆက်ပြီး ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၁၀

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ထွက်ခွာရန် ဧပြီ ၈ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလေကုန်ဖုန်၊ အစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာငုယင်ဗင်လမ်နှင့်အဖွဲ့ဝင်များ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်နှင့် ဇနီး ဒေါ်ထွေးထွေးမြ၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

ကမ္ဘောဒီးယားထွက်ခွာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ Mr. Tran Duc Luong အား ဟနွိုင်းမြို့ရှိ သမ္မတနန်းတော် ဧည့်ခန်းမသို့ သွားရောက်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်တို့သည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမည့် အစည်းအဝေးခန်းမရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့သည် ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို နံနက် ၁၀ နာရီခွဲတွင် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ အစိုးရဖွဲ့ရုံး ဝန်ကြီး မစ္စတာဒွန်မန့်ဆောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖန်ကွမ်မိ၊နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးမစ္စတာလေကုန်ဖုန်၊ ကုန်သွယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး မစ္စတာဖန်သီရက်၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန ဒုတိယဝန်ကြီး မစ္စတာ ဒက်ခန်တန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်က ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် တူညီသော သမိုင်းကြောင်း နောက်ခံများ ရှိခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံအကြား ခေါင်းဆောင်များ အပြန်အလှန် လည်ပတ်မှု ခရီးစဉ်များဖြင့် ချစ်ကြည်ရင်းနှီးမှု အစဉ်အလာများရှိခဲ့ပါကြောင်း၊ ယင်းခရီးစဉ်များတွင် နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေး တိုးမြှင့်ရေးအတွက် ပူးတွဲကုန်သွယ်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားပါကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် ၂၀၀၂ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၀၃ခုနှစ်တွင် သုံးဆနီးပါးခန့် တိုးတက်ခဲ့ပါကြောင်း၊၂၀၀၄ခုနှစ်တွင်လည်းဆက်လက်တိုးတက်နေပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကြိုဆိုလျက်ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်လုပ်ကိုင်ကြရန် ဖိတ်ခေါ်ပါကြောင်း၊ ယနေ့ဆွေးနွေးမှုများသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရှင်သန်တိုးတက်စေခဲ့သည်ဟု ယုံကြည်ပါကြောင်း၊ ဆက်လက်၍လည်း တိုးတက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်က ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံဖြစ်သည့်အလျောက် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှုများကို မျက်ခြည်မပြတ် လေ့လာလျက်ရှိပါကြောင်း၊ ပြည်တွင်းတည်ငြိမ်မှုနှင့် နိုင်ငံတည်ဆောက်မှုများ၊မူဝါဒလမ်းစဉ်(၇)ရပ်ကိုအကောင်အထည်ဖော်မှုအခြေအနေ၊ အမျိုးသားညီလာခံ ဒုတိယအစည်းအဝေး အောင်မြင်စွာ ပြီးဆုံးသည်တို့ကို သိရှိရပါကြောင်း၊ ဗီယက်နမ်နိုင်ငံ အနေဖြင့် အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများကို ခံစားခဲ့ရသည့်အလျောက် ယခုအခါ မြန်မာနိုင်ငံအပေါ် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများအကြောင်းပြ ပိတ်ဆို့နေသည်ကိုနားလည်သဘောပေါက်ပါကြောင်း၊ ယင်းသို့လုပ်ရပ်များကို မိတ်ဆွေ ဗီယက်နမ်နိုင်ငံအနေဖြင့် ဆန့်ကျင်ပါကြောင်း၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေခေါင်းဆောင်သည့် စပေါင်းခေါင်းဆောင်မှုအောက်တွင် တည်ငြိမ်အေးချမ်းသာယာဝပြောပြီးလိုလားသည့် ဒီမိုကရေစီလမ်းစဉ်သို့ ရောက်ရှိမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့၏ နိုင်ငံခြားရေး မူဝါဒတွင် ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်ဖြစ်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုတွင် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ၏ ထောက်ခံအားပေးမှုများကို အစဉ်အမြဲကျေးဇူးတင်ရှိနေပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးတွင် တိုးတက်မှုများရရှိနေသည်ကို ဆက်လက်မြှင့်တင်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတMr. Tran Duc Luongနှင့်အတူ သမ္မတရုံး ဥက္ကဋ္ဌ မစ္စတာငုယင်ဗင်ချိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လေကုန်ဖုန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ကဏ္ဍစုံအောင်မြင်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ယခုခရီးစဉ်လာရောက်ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ လှိုက်လှဲစွာကြိုဆို၍ ဝမ်းမြောက်မိပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်မြင်နေသည်ကို ချီးကျူးပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဘက်စုံ၊ ကဏ္ဍစုံမှ ကိုယ့်အားကိုယ်ကိုးကြိုးစားပြီး အောင်မြင်နေပါကြောင်း။

ဆက်လက်ကြိုးပမ်းမည်

စီးပွားရေးတွင် ဗဟိုမှချုပ်ကိုင်သော စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲဆောင်ရွက်နေပါကြောင်း၊ အထူးသဖြင့် ပို့ကုန်၊ သွင်းကုန်ပိုင်းနှင့် ပုဂ္ဂလိကပိုင်းကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်များပေးထားပါကြောင်း၊ တိုင်းပြည် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပုဂ္ဂလိကနှင့် သမဝါယမပိုင်ဆိုင်မှုသည် အဓိက ပါဝင်နေကြောင်း၊ စီးပွားရေးအခြေခံတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ လူမှုရေးအခြေခံ အဆောက်အအုံများလည်း တိုးတက်အောင်ဆောင်ရွက်နေပါကြောင်း၊တစ်ချိန်တည်းမှာပင် နိုင်ငံရေးတွင်လည်း ညင်သာစွာ အသွင်ကူးပြောင်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မူဝါဒလမ်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်တိုးတက်မှုများရရှိပါကြောင်း၊ အမျိုးသားညီလာခံကျင်းပနေပြီး ဗဟိုအစိုးရ၊ ပြည်နယ်နှင့်တိုင်းအကြား အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေနိုင်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်နေပါကြောင်း၊ ပြည်တွင်းစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုသည် အရေးကြီးသည်ဟု ခံယူပါကြောင်း၊ ပြည်ပမှ နည်းလမ်းအမျိုးမျိုးဖြင့် အနှောင့်အယှက်ပေးနေခြင်းမပြုလျှင် တိုးတက်မှု မြန်ဆန်လာမည်ဖြစ်ပါကြောင်း၊ တစ်ဖက်မှ မိတ်ဆွေရင်း ဗီယက်နမ်နိုင်ငံကဲ့သို့ နိုင်ငံများက မိမိတို့ နိုင်ငံအပေါ် နားလည်မှုထားရှိကြပါကြောင်း၊ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း အောင်မြင်အောင် ဆက်လက် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

တိုးမြှင့်ရန်ဆန္ဒရှိ

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ Mr. Tran Duc Luong က မြန်မာနိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် နယ်မြေချင်း ထိစပ်နေသောနိုင်ငံမဟုတ်သော်လည်း အရင်းနှီးဆုံးအိမ်နီးချင်းနိုင်ငံအဖြစ် မှတ်ယူပါကြောင်း၊ နှစ်နိုင်ငံစလုံး အမျိုးသားပြန်လည်လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် တူညီခဲ့ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို ယုံကြည်ရသော မိတ်ဆွေနိုင်ငံအဖြစ် မှတ်ယူထားပါကြောင်း၊ လက်ရှိဆက်ဆံရေးနှင့် အနာဂတ်ဆက်ဆံရေးတို့ကို ကဏ္ဍသစ်အဖြစ် တိုးမြှင့်ရန်ဆန္ဒရှိပါကြောင်း။

အောင်မြင်မည်ယုံကြည်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေခေါင်းဆောင်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုအောက်တွင် မြန်မာပြည်သူပြည်သားများအနေဖြင့် စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် တိုးတက်မှုများ ရရှိခံစားနေရသည်ကို သတိပြုမိပါကြောင်း၊ စီးပွားရေးတွင် တိုးတက်မှုနှုန်းတိုးမြှင့်ရရှိနေသည်ကို သိရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံ WTO ဝင်ခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံက ထောက်ခံကူညီပေးနေသည်ကို ကျေးဇူးတင်ရှိပါကြောင်း၊ မဲခေါင်မြစ် ရေသယံဇာတများအသုံးချရာတွင် မဲခေါင်မြစ်အထက်ပိုင်းနိုင်ငံများအနေဖြင့် အောက်ဘက်နိုင်ငံများ၏ အကျိုးမထိခိုက်စေရန်လည်း ဂရုပြုရန်လိုအပ်ပါကြောင်း။

အလွန်အရေးကြီး

ဒေသတွင်းနှင့်နိုင်ငံတကာအစည်းအဝေးများတွင် မြန်မာနိုင်ငံကို ဗီယက်နမ်နိုင်ငံက ထောက်ခံမှုပေးခဲ့ပါကြောင်း၊ အထူးသဖြင့် အာဆီယံဝင်ရောက်ရေးနှင့် ယမန်နှစ်က ကျင်းပခဲ့သော အေဆမ်ထိပ်သီးညီလာခံတွင် ဝင်ရောက်နိုင်ရေးတို့ဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်လျက် ဒီမိုကရေစီဖော်ဆောင်နေသည်မှာ အောင်မြင်မှုရရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးပါကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင် ခေါင်းဆောင်သော အဖွဲ့ဝင်များ ဟနွိုင်းမြို့ရှိ အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဗီယက်နမ်သည် အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုကိုခံစားခဲ့ရ မြန်မာနိုင်ငံအပေါ် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများ အကြောင်းပြပိတ်ဆို့မှုကို ဗီယက်နမ်နိုင်ငံကဆန့်ကျင်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဟနွိုင်းမြို့ရှိ ဗီယက်နမ် ကွန်မြူနစ်ပါတီဌာနချုပ်သို့သွားရောက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး **Mr. Nong Duc Manh** အား တွေ့ဆုံစဉ်။
(သတင်းစဉ်)

ဗီယက်နမ်သမ္မတအားတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ **Mr. Tran Duc Luong** အား ဟနွိုင်းမြို့ရှိ သမ္မတနန်းတော်ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က ဟနွိုင်းမြို့ရှိ အစိုးရဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဆုတောင်းစကား ပြောကြားစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က ဟနွိုင်းမြို့ရှိ အစိုးရဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင် ဆုတောင်းစကားပြောကြားစဉ်။
(သတင်းစဉ်)

အငြိမ်းစားတို့ စကားဝိုင်း (၈)

တပ်မတော်အစိုးရလက်ထက်တွင် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးလုပ်ငန်းတာဝန်အဖြစ် မြန်မာနိုင်ငံသားများအားလုံး ဦးထိပ်ပန်ဆင်၍ အမြဲခံယူလိုက်နာ ကျင့်သုံးနိုင်ရန်အတွက် နိုင်ငံတော်၏မူဝါဒအဖြစ် ချမှတ်ထားခဲ့ပါသည်။ ထို့ပြင် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကို လုပ်ငန်းလမ်းညွှန်အဖြစ် ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရေးတို့ကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပေသည်။

အတိတ်ကာလက ဖြစ်ပျက်ခဲ့သော သမိုင်းကြောင်းခြင်းရာတို့သည် အနာဂတ်ရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် လက်ရှိပစ္စုပ္ပန်ကာလတွင် လိုက်နာကျင့်သုံး လုပ်ဆောင်အပ်သော မူဝါဒနှင့်လုပ်ငန်းတာဝန်များ ချမှတ်ရာ၌ အထောက်အကူဖြစ်စေပါသည်။ အတိတ်သမိုင်းကြောင်း၏ အဖြစ်အပျက်များအပေါ်မှ သင်ခန်းစာများ အမြောက်အမြား ရယူဖော်ထုတ်နိုင်သည်ဖြစ်ရာ ထိုသင်ခန်းစာများသည် ပစ္စုပ္ပန်ကာလတွင် လိုက်နာဖွယ်ရာများနှင့် ဆင်ခြင်ဖွယ်ရာများကို အဓိကလမ်းညွှန်ပေးနေသည်။

ကျွန်တော်တို့ အငြိမ်းစားဝန်ထမ်းများသည် သူ့ကျွန်ဘဝတွင် လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့မှုများမှသည် ယနေ့တပ်မတော်အစိုးရ လက်ထက်အထိဖြစ်စဉ်များကို ကလေးဘဝ၊ လူငယ်လူရွယ်ကျောင်းသားဘဝနှင့် ဝန်ထမ်းဘဝအဖြစ် ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ခံစား ဖြတ်ကျော်လာခဲ့ကြသည်နှင့်အညီ ဘဝအတွေ့အကြုံအားဖြင့် အမျိုးစုံကြုံတွေ့ခဲ့ကြရပြီး ဖြစ်ကြသည်။

သို့ပါ၍ ကျွန်တော်တို့အဖွဲ့ ဆုံမိတိုင်း ထိုအတွေ့အကြုံများကို အခြေခံ၍ လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်တို့အပေါ် စကားဝိုင်းဖွဲ့မိကြသည်။

"တပ်မတော်အစိုးရလက်ထက်မှာ အချိန်ကာလမရွေး ဘယ်အစိုးရပဲတက်တက် အလေးအနက်ထား ဦးထိပ်ပန်ဆင်ကြရမယ့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ရဲ့မူဝါဒအဖြစ် ချမှတ်ပြီး အမြဲလိုက်နာကျင့်သုံးနေတာတွေ့ရတယ်"

"သမိုင်းကပေးတဲ့ သင်ခန်းစာကနေ ရယူထားတာဖြစ်လို့ နိုင်ငံရေးပါတီများအပါအဝင် အဖွဲ့အစည်းအသီးသီးနဲ့ ပြည်သူလူထုအားလုံးကပါ အမျိုးသားရေးတာဝန်အဖြစ် အမြဲတမ်း ခံယူကျင့်သုံးကြဖို့ လိုမယ်"

"နိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ကာကွယ်ရေးပါမကျန် ဘာပဲလုပ်လုပ် ဒို့တာဝန်အရေးသုံးပါးကို စွဲစွဲမြဲမြဲနဲ့ လူတိုင်းလူတိုင်း ခံယူကျင့်သုံးကြမယ်ဆိုရင် ဘယ်လိုပြဿနာ၊ ဘယ်လိုအခက်အခဲနဲ့ပဲ ကြုံတွေ့ရသည်ဖြစ်စေ ကျော်လွှားအောင်မြင်ပြီးမြောက်မှာ အမှန်ပဲ"

"အခု အမျိုးသားညီလာခံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ချမှတ်သင့်တဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေ ချမှတ်ဖို့ ညှိနှိုင်းဆွေးနွေးနေကြတဲ့နေရာမှာ အဓိက အရေးကြီးဆုံးဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုတဲ့ ခက်မသုံးဖြာအနက် အလွန်ခက်ခဲနက်နဲကျယ်ဝန်းတဲ့ ဥပဒေပြုရေးအာဏာခွဲဝေမှုအပိုင်းကို အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ပြီး ဖြစ်တာတွေ့ရတယ်"

"ညီလာခံမှာ ကိုယ်စားလှယ်တွေ ပွင့်ပွင့်လင်းလင်း၊ လွတ်လွတ်လပ်လပ်နဲ့ ညီရင်းအစ်ကို မောင်ရင်းနှမပမာ ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီးမှ ရလာတဲ့ အောင်မြင်မှုရလဒ်လို့ ဆိုရမှာပဲ"

"သတင်းမီဒီယာအပိုင်းကလဲ ဒီသတင်းအားလုံးကို ထုတ်လွှင့်ရေးသားဖော်ပြထားတာမို့ ငါတို့ပြည်သူအားလုံး တွေ့မြင်ဖတ်ရှု ကြားသိခဲ့ရတာပဲ မဟုတ်လား"

"ဒါဟာ အစုအဖွဲ့ရှစ်ဖွဲ့က ကိုယ်စားလှယ်တော်ကြီးများအားလုံး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားကြလို့၊ မျိုးချစ်စိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံပြီး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ စိတ်ရှည်ရှည်ထားပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြလို့ အောင်မြင်တယ်ဆိုတာ ထင်ရှားပါတယ်"

"တစ်ဖွဲ့၊ တစ်ပါတီ၊ လူမျိုးတစ်မျိုးရဲ့ အကျိုးထက် တိုင်းရင်းသားအားလုံးရဲ့အကျိုး၊ ပြည်ထောင်စုကြီးရဲ့ အကျိုးကိုပဲ ဦးစားပေးပြီး ညှိနှိုင်းဆွေးနွေးအကြံပြု ထောက်ခံကြလို့ပဲလို့ ဆိုရမယ်"

"အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းမှာလဲ အခုလို အောင်မြင်သွားမှာ အမှန်ပဲလို့ ယုံကြည်တယ်။ နိုင်ငံအတွက် အားရဝမ်းသာစရာပါပဲ"

"နိုင်ငံရေး ဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်နဲ့ လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကို နေ့စဉ်သတင်းစာမျက်နှာဖုံးမှာ ဖော်ပြနေသလို ရုပ်သံလွှင့်ဌာနတွေကလဲ နေ့စဉ်လွှင့်ထုတ်ပေးနေတာ လူတိုင်းသတိထားမိမှာပါ"

"အေး-ပုံနှိပ်ထုတ်ဝေတဲ့ စာအုပ်၊စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာလဲ ပါပါတယ်။ ဒါပေမယ့် အမှန်အတိုင်းဝန်ခံရရင် ငါတော့ ဖတ်ကြည့်မိတာနည်းတယ်။ တစ်ခါတစ်ရံ လိုအပ်တဲ့အခါမှာပဲ ဖတ်ကြည့်မိတယ်"

"မင်းလိုပဲ၊ လူတိုင်းလိုလို နေ့တိုင်းဖတ်မိကြမှာ မဟုတ်ပါဘူး။ သေသေချာချာ ဖတ်ရှုလေ့လာကြည့်ရင် နိုင်ငံရေးနဲ့စီးပွားရေး ဦးတည်ချက်တွေက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးနဲ့ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရေးကို ချမှတ် လုပ်ဆောင်နေတယ်ဆိုတာကို အတိအလင်းဖော်ပြနေတယ်"

"လူမှုရေးဦးတည်ချက်ကတော့ ဖြစ်ပေါ်လာမယ့် နိုင်ငံရေးနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေနဲ့ လိုက်လျောညီထွေစွာ အံဝင်ခွင်ကျဖြစ်အောင် တစ်မျိုးသားလုံး စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တမြင့်မားရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် ချမှတ်လုပ်ဆောင်နေတာကို ဖော်ပြနေတယ်"

"တပ်မတော်အစိုးရအနေနဲ့ ဒီဦးတည်ချက်(၁၂)ရပ်အတိုင်း လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်နေတာကိုလဲ မြင်တွေ့နိုင်တယ်လေ။ နိုင်ငံရေးဦးတည်ချက်နဲ့ ပတ်သက်လို့ လေ့လာသုံးသပ်ကြည့်ရင် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရာခိုင်နှုန်းပြည့်နီးပါး အကောင်အထည်ဖော်နိုင်တာ တွေ့ရတယ်။ ဆက်လက်ပြီးတော့လဲ အကောင်အထည်ဖော်နေဆဲပဲ"

"ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးနဲ့ ပတ်သက်လို့ ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို ကမ္ဘာသိ ချမှတ်ထားပြီး အရေးကြီးဆုံးအချက်ဖြစ်တဲ့ အမျိုးသားညီလာခံကို ကျင်းပလာခဲ့တာ အခုဆို တော်တော်ကြီးကို ခရီးပေါက်ခဲ့ပြီဆိုတာလဲ တွေ့မြင်နေရတယ်"

"အေးဟ-မင်းပြောမှပဲ နိုင်ငံရေးဦးတည်ချက်(၄)ရပ်အတိုင်း တပ်မတော်အစိုးရက အကောင်အထည်ဖော်နေတာ တော်တော်ကြီးကို ခရီးပေါက်နေပြီဆိုတာ သတိပြုမိတယ်"

"တပ်မတော်အစိုးရက အခုလို အတိအလင်းချပြခဲ့သလိုပဲ လက်တွေ့အောင်မြင်အောင် အကောင်အထည်ဖော်နေတာကို ပြည်တွင်းပြည်ပက ဒီမိုကရေစီကို လိုချင်လှပါပြီ၊ ဒီမိုကရေစီရရှိဖို့သာ အဓိကလို့ တစာစာအော်ဟစ် တောင်းဆိုနေတဲ့သူတွေက ဘာဖြစ်လို့များ ကဖျက်ယဖျက် လိုက်လုပ်နေကြသလဲ မသိဘူးနော်"

ဟိန်းမြင့်

"ကြည့်တတ်သူသည် မြင်၏ဆိုတဲ့ စကားအတိုင်းပဲ အမှန်တကယ်တော့ ဖြတ်လမ်းနည်းနဲ့ အာဏာရဖို့ကိုပဲ အဓိကထားလုပ်နေကြတာကို အထင်အရှားပဲ မြင်နိုင်တယ်။ ဒီမိုကရေစီကိုဗန်းပြပြီး လက်နက်သဖွယ် အသုံးချနေသူများအနေနဲ့ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် အမှန်တကယ်အမြန်ဖြစ်ထွန်းလာမှာကို ကြောက်နေကြတာမို့ အဖျက်အမှောင့်လုပ်ရပ်တွေကိုပဲ အချိန်ရှိသရွေ့ ကြံစည်တွေးတော လုပ်ဆောင်နေကြတာလေ"

"လွန်ခဲ့တဲ့နှစ်ပေါင်း ၁၄ နှစ်ကျော်က ရွေးကောက်ပွဲရလဒ်ကိုပဲ တွင်တွင်ပြောနေပြီး အာဏာလွှဲပေးဖို့ ပြည်ပနိုင်ငံ၊ ပြည်ပအဖွဲ့အစည်းအချို့နဲ့ လက်ဝါးချင်းရိုက် တောင်းဆိုနေသလို နိုင်ငံအနေနဲ့ အကျပ်အတည်းမျိုးစုံနဲ့ ကြုံတွေ့ပြီး ပြည်သူလူထု ဆူပူအုံကြွလာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာနိုင်တဲ့ ကိစ္စရပ်တွေမှန်သမျှကို ဗိုလ်ကျစိုးမိုးလိုတဲ့ ပြည်ပနိုင်ငံကြီးအချို့ အကူအညီနဲ့ ပိတ်ဆို့ဟန့်တားတားဆီးနှောင့်ယှက် ဖိအားပေးနေကြတာတွေ၊ အဖျက်အမှောင့်လုပ်ရပ်တွေကိုပဲ တစိုက်မတ်မတ်နဲ့ ပြောဆိုလုပ်ဆောင်နေကြတာတွေကို သိသာထင်ရှားစွာ မြင်တွေ့နိုင်ပါတယ်"

"အေးဟ-အဲ့ဒီအဖွဲ့တွေအနေနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ ပကတိအနေအထားမှန်တွေကို သတိပြုသင့်ပါပြီ။ ကိုယ့်သမိုင်းကြောင်းကို ကိုယ်တိုင်ပဲရေးကြတာမို့ အနာဂတ်ကာလသမိုင်းကြောင်းမှာ အဲ့ဒီ ပုဂ္ဂိုလ်တွေအားလုံးလူဆိုးများအဖြစ် သတ်မှတ်ရေးသားခံရမှာ မကြောက်ကြဘူး။ သတိမထားမိကြဘူးနဲ့ တူတယ်"

"ဒို့နိုင်ငံ ဒီမိုကရေစီဖြစ်ထွန်းမှုထက် ကိုလိုနီလက်သစ်ဝါဒအရ သူ့အလိုကျ ခြယ်လှယ်လုပ်ကိုင်လို့ရမယ့် ရုပ်သေးအစိုးရအာဏာရရေးကိုပဲဦးတည်လုပ်ကိုင်နေတာလဲ အထင်အရှားပဲ"

"၅၄သန်းကျော်ရှိတဲ့ ဒို့ပြည်သူလူထု အကျိုးစီးပွားကို လုံးဝ အရေးမထားပစ်ပယ်ထားပြီး သူခြယ်လှယ်နိုင်မယ့် ပုဂ္ဂိုလ်တစ်ဦးနဲ့ ပါတီတစ်ခုရဲ့အကျိုးစီးပွားကိုပဲ အလေးထားအရေးထား ပြောနေတာကိုလဲ တွေ့မြင်နိုင်တာပဲ"

"နိုင်ငံတစ်နိုင်ငံအနေနဲ့ တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်ချမ်းသာလာမယ်၊ ဖွံ့ဖြိုးတိုးတက် ချမ်းသာလာမှ ဒီမိုကရေစီလဲ ဖြစ်ထွန်းပြီးရေရှည် တည်တံ့နိုင်မယ်ဆိုတာ အားလုံးသိကြတာပဲ။ ရေ၊ မြေသယံဇာတပေါများ ကြွယ်ဝတဲ့၊ လူ့လုပ်အားတွေ အပြည့်အဝရှိတဲ့ ဒို့နိုင်ငံအနေနဲ့ဆို အနှောင့်အယှက်ကင်းပြီး တည်ငြိမ်အေးချမ်းမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်မှာ ဖြစ်သလို ဒီမိုကရေစီစနစ်လဲ အမြန်ထွန်းကား တည်တံ့နေမယ်ဆိုတာ အဲဒီနိုင်ငံကြီးတွေအနေနဲ့ ပိုသိမှာပါ"

"ဒီလိုသိလျက်နဲ့ ဒို့နိုင်ငံ မတည်ငြိမ်အောင်၊ မဖွံ့ဖြိုးမတိုးတက်အောင် ပိတ်ပင်ဟန့်တား နှောင့်ယှက်ဖိအားပေးနေတာတွေကို သုံးသပ်ကြည့်ရင် ဘာအတွက် ရည်ရွယ်လုပ်ဆောင်နေတယ်ဆိုတာ သိမြင်နိုင်ပါတယ်"

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၂၄ရက်နေ့က မုံရွာမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မုံရွာခရိုင်နှင့် မြို့နယ်များမှ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ သူနာပြုသင်တန်းသူများ၊ ဖိတ်ကြားထားသူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက-

- **ယနေ့အခြေအနေအချိန်အခါအရ ပြည်နယ်၊တိုင်းနယ်မြေအနှံ့၌ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို ပြည့်စုံလုနီးပါး တည်ဆောက်ပြီးဖြစ်သည့်အတိုင်း နယ်မြေဒေသအားလုံးသည် စီးပွားရေးအရ၊ လမ်းပန်းဆက်သွယ်ရေးအရ၊ ပညာရေးအရ၊ ကျန်းမာရေးအရ တိုးတက်လာနေပြီဖြစ်ရာ နိုင်ငံတော်ကို ဒီမိုကရေစီ နိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးအတွက် နိုင်ငံရေးဆိုင်ရာ လုပ်ငန်း အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။**
- **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားဖွံ့ဖြိုးခိုင်မာရေးအတွက် ဆောင်ရွက်ဖွယ်ရာများကို အခြေချ ဆောင်ရွက်နိုင်သည်နှင့်အမျှ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန် ချမှတ်ထားသော လမ်းကြောင်းမှန်အတိုင်း မိမိတို့တိုင်းရင်းသားပြည်သူများအားလုံး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း**

ကို ထောက်ပြပြောဆိုသွားတာ တွေ့ရတယ်"

"စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ လျှပ်စစ်စွမ်းအား၊ စက်မှုလက်မှု၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာနဲ့ စွမ်းအင်ကဏ္ဍစတဲ့ ကဏ္ဍပေါင်းစုံတို့မှာ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ အခြေခံအဆောက်အအုံတွေက နိုင်ငံအဝန်း ကိန်းဂဏန်းအတိအကျနဲ့ရှိနေပြီး လက်ညှိုးထိုးလို့မလွဲအောင်ဘဲ ဆိုတာကို ပိုမိုသတိ ပြုမိလာတယ်"

"ဒီလို ဘက်စုံအခြေခံအဆောက်အအုံတွေကို ဖြစ်မြောက်အောင် တည်ဆောက်တဲ့နေရာမှာ လွယ်လွယ်ကူကူနဲ့တော့ မဟုတ်ဘူးဟ။ ပိတ်ဆို့တားဆီး ဟန့်တားနှောင့်ယှက် ဖျက်ဆီးမှုတွေနဲ့ ဖိအားပေးမှုတွေကို တစ်ဖက်က ကာကွယ်တားဆီးရင်း တစ်ဖက်က တည်ဆောက်ခဲ့ရတာလေ။

"အာဏာကို ဖြတ်လမ်းက ရယူချင်နေတဲ့လူတွေ ပြည်တွင်းပြည်ပအဖျက်သမားတွေကဆိုရင် ပြည်ပက ခရီးသွားတွေမလာပါနဲ့၊ ပြည်ပက စီးပွားရေးလုပ်ငန်းတွေ လာရောက်မရင်းနှီး မမြှုပ်နှံကြပါနဲ့၊ ရှိပြီးသား စီးပွားရေးလုပ်ငန်းတွေ ပိတ်သိမ်းကြပါ၊ ကူညီထောက်ပံ့မှုတွေလဲ မပေးကြပါနဲ့၊ စီးပွားရေးပိတ်ပင် တားဆီးပေးကြပါဆိုပြီး နိုင်ငံတော်နဲ့ ပြည်သူတွေအကျိုး ထိခိုက်နစ်နာပျက်စီးအောင် တောင်းဆိုမှုတွေ၊ ဖန်တီးလုပ်ဆောင်မှုတွေ အမျိုးမျိုး လုပ်ခဲ့ကြတယ်။ အခုလဲ လုပ်နေကြတယ် မဟုတ်လား"

"ဒီမိုကရေစီကို ကမ္ဘာအနှံ့ပြန့်ပွားရေးဆိုပြီး ကြွေးကြော်ကာ ကမ္ဘာ့နိုင်ငံ အသီးသီးရဲ့ ပြည်တွင်းရေးတွေမှာ ဝင်ရောက်စွက်ဖက်နေတဲ့ နိုင်ငံကြီးကကော မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးအတွက် စနစ်တကျ တည်ဆောက်နေတာကို ဘာလို့ ဖျက်လိုဖျက်ဆီး ဝင်လုပ်နေတာလဲ"

"ဗုဒ္ဓဘာသာ တရားတော်အရ ဖျက်ဆီးတတ်သူ သုံးဦးကို ဖော်ပြထားရာမှာ...

"ကျီးများသည် တောင်၌ရှိသော သူတစ်ပါးအသိုက်ကို ဖျက်ဆီးတတ်၏"

"ကြွက်များသည် အိမ်တွင်းရှိ ပရိဘောဂများကို ဖျက်ဆီးတတ်၏"

"လူယုတ်မာများသည် တိုင်းပြည်အတွင်း ချမ်းသာရေးကို ဖျက်ဆီးတတ်၏" လို့ဆိုထားတာ တွေ့ရတယ်။ နိုင်ငံနဲ့ ပြည်သူလူထု မချမ်းသာအောင်၊ ဆင်းရဲဒုက္ခရောက်အောင် မဖြစ်မနေ ဆောင်ရွက်နေသူတွေကတော့ လူဆိုးများအဖြစ် သမိုင်းတွင်ရစ်မှာ အမှန်ပဲ"

"ဒီမိုကရေစီကို ကမ္ဘာအနှံ့ပြန့်ပွားရေးဆိုပြီး ကြွေးကြော်ကာ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ပြည်တွင်းရေးတွေမှာ ဝင်ရောက်စွက်ဖက်နေတဲ့ နိုင်ငံကြီးကကော မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးအတွက် စနစ်တကျ တည်ဆောက်နေတာကို ဘာလို့ ဖျက်လိုဖျက်ဆီးဝင်လုပ်နေတာလဲ"

"ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ရှေ့တန်းတင် ဗန်းပြထားပြီး အမှန်မှာတော့ သူ့နိုင်ငံ၊ သူ့လူမျိုးအကျိုးအတွက် လုပ်နေတာပဲ။ သူ့နိုင်ငံ၊ သူ့အကျိုးစီးပွားကို မထိလိုက်နဲ့၊ ထိလိုက်တာနဲ့ မိတ်ဆွေနိုင်ငံလို့ သတ်မှတ်ထားတဲ့ နိုင်ငံတွေကိုပါမကျန် ရနိုင်တဲ့နည်းလမ်းနဲ့ အရာရာမှာ အသာစီး ရနေမှုကို အသုံးချပြီး အရေးယူဆောင်ရွက်နေတာတွေ မကြာခဏ တွေ့နေရတာပဲ"

"ဟုတ်ပါ့၊ နိုင်ငံနဲ့ပြည်သူတွေ ချမ်းသာကြွယ်ဝသွားမှာ လုံးဝမမြင်ချင်၊ မတွေ့ချင်ကြတဲ့သူတွေပဲ။ သူတို့လုပ်လို့ အထည်ချုပ်စက်ရုံအချို့ ပိတ်လိုက်ရတာ။ လုပ်သားတွေအများအပြား အလုပ်လက်မဲ့ ဖြစ်ကုန်ကြရတာတောင် သတိသံဝေဂ မရကြသေးဘူးလေ"

"ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့သူတွေ၊ မင်းသားကြီးမလုပ်ရရင် ပတ်မကြီးကို ထိုးဖောက်မယ်ဆိုတဲ့လူတွေ သမိုင်းကြောင်းမှာ ဘယ်တော့မှ ဓာတ်သိမ်းကောင်းမှာမဟုတ်ဘူး"

"အခုဟာက ကိုယ်တိုင်ကလဲ နိုင်ငံအတွက်၊ ပြည်သူလူထုအတွက် ဘာတစ်ခုမှ ကောင်းကျိုးဆိုလို့ မယ်မယ်ရရ မလုပ်ခဲ့ဖူးဘူး။ တပ်မတော်အစိုးရက နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးနဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို အရှိန်အဟုန်နဲ့ တည်ဆောက်နေတာကိုလဲ ဖျက်ဆီးနှောင့်ယှက်နေသေးတယ်။ ကိုယ်လဲကောင်းကျိုးမလုပ်၊ သူများကလုပ်နေတာ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ပန်းတစ်ပွင့်တောင်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁၀

တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိက ဓဇဘဒ္ဒန္တ ပညာသာရက ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲ သင်္ကြန် ၁၀ ရက် တရားစခန်းပွဲကို ပန်းတစ်ပွင့်တောင် သက်သတ်လွတ်နယ်မြေတွင် ဧပြီ ၁၃ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဧပြီ ၁၂ ရက် (အင်္ဂါနေ့)အရောက် ကြွရောက်ကြရန်နှင့် တရားစခန်းဝင်ယောဂီ ၄၀၀ အတွက် လှူဒါန်းလိုသူများသည် အကျိုးတော်ဆောင် ဦးမျိုးညွန့်– ဒေါ်တင်တင်ဝင်း ဖုန်း–၆၄၀၁၈၁ နှင့် အဆိုပါဝေယျာဝစ္စအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဧည့်ခံဖျော်ဖြေ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က ဟနွိုင်းမြို့ရှိ အစိုးရဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဗီယက်နမ်ယဉ်ကျေးမှုအဖွဲ့ဝင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဧပြီ ၁၀

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က ဧပြီ ၇ ရက် ည ၇နာရီတွင် ဟနွိုင်းမြို့ရှိ အစိုးရဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(အပေါ်ပုံ)**

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ တက်ရောက်ကြသည်။

ဆုတောင်းစကားပြောကြား

ဂုဏ်ပြုညစာစားပွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် ရင်းနှီးခင်မင်စွာ ဆုတောင်းစကားပြောကြားကြသည်။

ဂုဏ်ပြုညစာသုံးဆောင်နေစဉ်အတွင်း ဗီယက်နမ်ယဉ်ကျေးမှုအဖွဲ့ဝင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ **(ယာပုံ)**

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ဟနွိုင်းမြို့ရှိ ဟနွိုင်းဒေဝူးဟိုတယ်သို့ ပြန်ရောက်ရှိရပ်နားကြသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ကိုလဲ ဖျက်ဆီးနှောင့်ယှက်ဆိုတော့ ကမ်းကုန်အောင် မိုက်မဲနေကြသူတွေပဲလို့ ဆိုရတော့မှာပဲ”

“အဲဒီအမြင် လွဲမှားနေကြတဲ့လူတွေအားလုံး သတိတရားတော့ ရသင့်ကြပါပြီကွာ။ နိုင်ငံနဲ့လူမျိုးလဲ သူတို့ကြောင့် နစ်နာလှပါပြီ”

“အေးကွာ–ဒီလိုပြည်တွင်းပြည်ပက နှောင့်ယှက်ဖျက်ဆီး တားဆီးပိတ်ပင်နေတဲ့ ကြားကနေပြီး ခုလိုအောင်မြင်အောင် တည်ဆောက်နိုင်တာကတော့ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ စည်းလုံးညီညွတ်မှုစွမ်းအားကြောင့်ပဲလို့ ဆိုရမှာပါ”

“အေး–အဲဒီလို ပြည်တွင်းက စွမ်းအားကြောင့်အပြင် အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေ၊ ဒေသအတွင်းရှိ မိတ်ဆွေနိုင်ငံတွေရဲ့ ကူညီရိုင်းပင်းမှုကြောင့်လဲ ပါတယ်လို့ ဆိုရမယ်”

“ကမ္ဘာ့နိုင်ငံအသီးသီးက ကိုယ့်နိုင်ငံကိုယ် တိုးတက်ဖွံ့ဖြိုးအောင် အားသွန်ခွန်စိုက် အပြိုင်အဆိုင် ကြိုးပမ်းလုပ်ဆောင်နေကြချိန်မှာ ဒို့နိုင်ငံက ပြည်တွင်း၊ ပြည်ပအဖျက်သမားတွေကြောင့် တစ်ဖက်က အဖျက်အန္တရာယ်ကို တားဆီးကာကွယ်ရင်း တစ်ဖက်ကလဲ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်သူအများ လိုလားနေကြတဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် စနစ်တကျ ထူထောင်နိုင်အောင် ကြိုးပမ်းရတာမို့ နိုင်ငံစွမ်းအားရှိသလောက် မလုပ်နိုင်တာတော့ အမှန်ပဲပေါ့”

“စွမ်းအား အပြည့်အဝနဲ့သာ လုပ်ကိုင်နိုင်ခဲ့မယ်ဆိုရင် နိုင်ငံတော်လဲ တော်တော့်ကို ဖွံ့ဖြိုးတိုးတက်နေပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် အရှိန်အဟုန်ကောင်းကောင်းနဲ့ ချီတက်သွားနေမှာ အမှန်ပဲ”

“အဖျက်သမားတွေရဲ့ ပုံကြီးချဲ့သွေးထိုးလုပ်ကြံ ပြောဆိုနေကြတာတွေကို နားယောင်နေတဲ့ သူတွေလဲ အနည်းနဲ့အများရှိကြတယ်ဟ။ ထောက်ပြပြောဆိုနိုင်တဲ့ ချို့ယွင်းချက်တွေ၊ ဟာကွက်တွေကို အဆိုးမြင်ဘက်ကနေကြည့်ပြီး လုပ်ကြံမှုတွေနဲ့ပါ ရောကောသောကော ပုံကြီးချဲ့ပြောဆိုကြတော့ တချို့တလေ နားယောင်မိကြတာပေါ့”

“လောကသဘာဝအရ ပုထုဇဉ်လူသားတိုင်း ဘယ်သူမှ ရာခိုင်နှုန်းပြည့်ပြည့်ဝတယ်၊တော်တယ်၊ ကောင်းတယ်ဆိုတာ မရှိနိုင်ပါဘူး။ အားနည်းချို့ယွင်းမှုတွေ အနည်းနဲ့အများ ရှိကြမှာပါ။ ဘယ်အရာမှာမဆို အကြောင်းနဲ့အကျိုးကို ဆက်စပ်ပြီး ကြည့်နိုင် မြင်နိုင်ကြရမယ်လေ”

“ဒီသဘောတရားအတိုင်းပဲ တပ်မတော်အစိုးရအနေနဲ့လဲ အားနည်းချို့ယွင်းမှုတွေကို တွေ့တိုင်း ဖယ်သင့်သူကိုဖယ်ပြီး ပြုပြင်လုပ်ဆောင်နေတာတွေ တွေ့နေရတာပဲ မဟုတ်လား”

“နိုင်ငံ့အရေးကို ဆောင်ရွက်တယ်ဆိုတဲ့နေရာမှာ နိုင်ငံတော်တစ်ခုလုံးအတွက်၊ ပြည်သူတစ်ရပ်လုံးအတွက် အကျိုးတရားတွေ ဖြစ်ထွန်းရရှိအောင် လုပ်ကြရတာမို့ လုပ်ငန်းသဘာဝအရ အလွန်ကျယ်ပြန့်တယ်။ အလွန်နက်နဲတယ်။ အလွန်လဲ သိမ်မွေ့ပါတယ်။ တစ်ခါတစ်ရံမှာ ဒေသနဲ့ အချိန်ကာလအရ အကျိုးတစ်ခုဖြစ်ထွန်းရရှိဖို့ အထူးအရေးကြီးလိုအပ်နေချိန်မှာ အချို့သောဆိုင်းငံ့ထားလို့ရမယ့် အကျိုးတရားအတွက် လုပ်ဆောင်ရမယ့် ကိစ္စအချို့ကို ခေတ္တလျစ်လျူရှုထားခဲ့ရတာတွေလဲ ရှိနိုင်ပါတယ်”

“နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးတို့ကို တစ်ချိန်တည်းတစ်ပြိုင်တည်း လိုက်လျောညီထွေစွာ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ တစ်ခါတစ်ရံ အချိန်ကာလအလိုက် ဖြစ်ပေါ်နေတဲ့ အခြေအနေအပေါ်မူတည်ပြီး အရေးကြီးရင် ကြီးသလို ဦးစားပေးစနစ်နဲ့ ဆောင်ရွက်ရတာလဲ ရှိနိုင်တယ်လေ”

“ဒါကြောင့် အစိုးရတိုင်းမှာ ထောက်ပြစရာအချို့ရှိနေမှာပါ။ အားနည်းမှုတွေအပေါ် ထောက်ပြဝေဖန် သုံးသပ်နိုင်ပါတယ်။ ဒါပေမယ့် အားသာချက်တွေကို လျစ်လျူရှုပြီး တစ်ဖက်သတ်အဆိုးမြင်နဲ့ ပြောနေမယ်ဆိုရင်တော့ ပြောတဲ့သူတွေဟာ အရောင်ဆိုးထားခြင်းခံနေရလို့၊ ဒါမှမဟုတ် မလိုတမာဖြစ်နေလို့ပဲလို့ ရှုမြင်နိုင်ပါတယ်”

“အစိုးရကြောင့် ဖြစ်ထွန်းလာတဲ့ အကျိုးတရားတွေ မြောက်မြားစွာရှိနေတာကို မသိချင်၊ မမြင်ချင်ယောင်ဆောင်ထားပြီး ဖြစ်ထွန်းမှုအားနည်းနေတဲ့ အကြောင်းအရာတစ်ခုအပေါ်ကိုပဲ ပုံကြီးချဲ့ ပြစ်တင်ဝေဖန်ထောက်ပြပြီး အဲဒီအစိုးရမကောင်းဘူးလို့ဆိုနေရင် မမှန်နိုင်ပါဘူး။ အဲဒီလို တစ်ဖက်သတ် အဆိုးမြင်နဲ့ ပြောဆိုနေသူတွေဟာ နိုင်ငံအကျိုးကို အမှန်အကန်သယ်ပိုးလိုသူများလို့ မသတ်မှတ်နိုင်ပါဘူး”

“ဟုတ်တယ်၊ သူငယ်ချင်းပြောတဲ့ သဘောတရားကို ဒို့အားလုံး လက်ခံပါတယ်။ ဒို့အားလုံး ဖြတ်သန်းကြုံတွေ့လာခဲ့တဲ့ အစိုးရအဆက်ဆက်အားလုံးထဲမှာ အခုတပ်မတော်အစိုးရဟာ နိုင်ငံအကျိုးအတွက် အဘက်ဘက်က တိုးတက်အောင် အဆောင်ရွက်နိုင်ဆုံးပဲဆိုတာ ထင်ရှားပါတယ်။ စာရင်းဇယား ကိန်းဂဏန်းတွေနဲ့ အထင်အရှားပဲ။ သိသိသာသာပေါ်ပေါ်လွင်လွင်ကို အောင်မြင်အောင် တည်ဆောက်နိုင်တယ်ဆိုတာ အားလုံး မျက်မြင်ပဲ”

“ဂဇနှစ် အရေးအခင်းမှာ ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ်မျှ မင်းမဲ့စရိုက်အဖြစ်ဆိုးကို မထိန်းသိမ်း မကာကွယ်နိုင်လို့ တပ်မတော်က နိုင်ငံ့တာဝန်ကို ယူလိုက်ရစဉ်မှာ နိုင်ငံရဲ့အခြေအနေက ချွတ်ခြုံကျနေပြီး အနုတ်လက္ခဏာဖြစ်နေတာပါ။ မှတ်မိဦးမလားမသိဘူး။ ပြည်ပအသံလွှင့်ဌာနတွေက ဒို့နိုင်ငံမှာ နိုင်ငံခြားသုံးငွေ လက်ကျန်မရှိသလောက် ဖြစ်နေတာမို့ တပ်မတော်အစိုးရအနေနဲ့ အလွန်ဆုံးခံလှ တစ်ပတ်နှစ်ပတ်ပဲလို့ ဆိုခဲ့တယ်လေ။ အဲဒီ အခြေအနေကနေ အပင်ပန်းခံ ကြိုးစားတည်ဆောက်လာခဲ့တာမို့ အခုလို အောင်မြင်မှုရလဒ်ကို ဒို့အားလုံး မြင်တွေ့နေရပြီမဟုတ်လား”

“ဦးဆောင်မှု မှန်ကန်မှု၊ မူဝါဒနဲ့လုပ်ငန်းလမ်းစဉ်မှန်ကန်မှု၊ နိုင်ငံတော်၊ ပြည်သူနဲ့တပ်မတော်တို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်မှုတွေကြောင့် အခုလိုရလဒ်ကောင်းတွေ ဖြစ်ထွန်းရရှိခဲ့တယ်လို့ ဆိုရမှာပဲ”

ထိုသို့ စကားဝိုင်းဖွဲ့ဆိုပြီးနောက် ကျွန်တော့်အနေဖြင့် ယခုနှစ် ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလအတွင်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းတို့၏ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းခရီးစဉ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့၏ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းခရီးစဉ်၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ခရီးစဉ်တို့တွင် တွေ့ရှိခဲ့ရသည့် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ အခြေခံအဆောက်အအုံများ၊ ကြားသိဖတ်ရှုခဲ့ရသည့် လမ်းညွှန်မှာကြားချက်များကိုလည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကြပ်မတ်ကျင်းပလျက်ရှိသော အမျိုးသားညီလာခံ၏ အောင်မြင်ဖြစ်ထွန်းမှု ရလဒ်များကိုလည်းကောင်း ထင်ထင်ရှားရှား မြင်တွေ့ကြားသိနေရပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ မကြာမီရောက်ရှိလာတော့မည်ကို မြင်ယောင်နေမိပါသည်။

ဒို့တာဝန်အရေးသုံးပါးကို အမြဲဦးထိပ်ပန်ဆင်၍ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ အမြန်လျှောက်လှမ်းနိုင်တော့မည်ဟုလည်း ခံစားယုံကြည်နေပါသည်။ အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်ကား အလှမ်းမဝေးတော့ပြီ မဟုတ်ပါလား။ ။

မြန်မာနိုင်ငံတွင် နိုင်ငံရေး၊စီးပွားရေးနှင့်လူမှုရေး ဘက်ပေါင်းစုံတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေ နိုင်ငံတော်မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီပေါ်ပေါက်ရေး ကိုယ့်အားကိုယ်ကိုးကြိုးပမ်းမှုအပေါ် မိတ်ဆွေနိုင်ငံများက နားလည်မှုပေး၍ ကျေးဇူးတင်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

အဆင့်မြင့်ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှုများသည် အစဉ်အလာရှိသော ဆက်ဆံရေးကိုဖော်ညွှန်းရာရောက် မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး ကဏ္ဍများအောင်မြင်မှုများရရှိနေ ဗီယက်နမ်နိုင်ငံသည် ဝင်ရောက်မစွက်ဖက်မှုနှင့်အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကိုလက်ခံ

ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး

ရန်ကုန် ဧပြီ ၁၀

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧပြီ ၇ ရက် ညနေ ၅ နာရီခွဲတွင် ဟန္နိုင်းမြို့ရှိ ဗီယက်နမ်ကွန်မြူနစ်ပါတီဌာနချုပ်သို့ သွားရောက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Mr. Nong Duc Manh အား တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Mr. Nong Duc Manh နှင့်အတူ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြည်ပရေးရာဌာနခေါင်းဆောင် မစ္စတာငုယင်ဗင်ဆန်၊ လက်ထောက်အထွေထွေအတွင်းရေးမှူး မစ္စတာဟိုတင်နိ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လေကုန်ဖုန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ယခု ခရီးစဉ်လာရောက်ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရန် လာရောက်ခြင်း ဖြစ်ပါကြောင်း။

သိသိသာသာတိုးတက်

ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင် ပြည်သူများ အဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို ချီးကျူးပါကြောင်း၊ အလားတူပင် မြန်မာနိုင်ငံတွင်လည်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဘက်ပေါင်းစုံတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ကိုယ့်အားကိုယ်ကိုး ကြိုးစားအားထုတ်သည့်အတွက် သိသိသာသာတိုးတက်လာပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကလည်း နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် တစ်မျိုးသားလုံး တစ်စည်းတစ်လုံးတည်းရှိရေးအတွက် ဦးတည်ဆောင်ရွက်နေပါကြောင်း။

ကိုယ့်အားကိုယ်ကိုး

တိုင်းပြည်၏ စီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နှစ်စဉ် ဂဒသမ ၅ ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့ပါကြောင်း၊ စီးပွားရေး၊ လူမှုရေးတို့တွင် သိသိသာသာအောင်မြင်နေပါကြောင်း၊ နိုင်ငံရေးအရ ညင်သာစွာ အသွင်ကူးပြောင်းရေးကို ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်၍ ပထမအဆင့်အနေဖြင့် အမျိုးသားညီလာခံကို ကျင်းပနေပါကြောင်း၊ ရည်မှန်းချက်မှာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီပေါ်ပေါက်ရန်နှင့် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံပေါ်ထွန်းလာစေရန်ဖြစ်ပါကြောင်း၊ မိမိတို့၏ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းအကောင်အထည်ဖော်နေခြင်းအပေါ် မိတ်ဆွေနိုင်ငံများက နားလည်ထောက်ခံမှုပေး၍ ကျေးဇူးတင်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Mr. Nong Duc Manh က အဆွေတော်၏ ခရီးစဉ်သည် သံတမန်ဆက်ဆံရေး နှစ်(၃၀)မြောက်နှင့် ကြုံကြိုက်နေပါကြောင်း၊ ယခုကဲ့သို့ အဆင့်မြင့်ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှုများသည် အစဉ်အလာရှိသော ဆက်ဆံရေးကို ဖော်ညွှန်းပြသရာရောက်ပါကြောင်း၊ မြန်မာနိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို နားလည်သဘောပေါက်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် အောင်မြင်မှုများရှိနေပြီး တံခါးဖွင့်ဝါဒကျင့်သုံးနေခြင်းကို မှတ်သားမိပါကြောင်း၊ ဆက်လက်၍ ပိုမိုကြီးမားသော အောင်မြင်မှုများရရှိပြီး နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့ ရောက်ရှိမည်ဟု ယုံကြည်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသော အိမ်နီးချင်းနိုင်ငံဖြစ်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် နိုင်ငံအချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ ဝင်ရောက်မစွက်ဖက်မှု၊ အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကို လက်ခံကျင့်သုံးပါကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဟန္နိုင်းမြို့ရှိ ဗီယက်နမ်ကွန်မြူနစ်ပါတီဌာနချုပ်သို့ သွားရောက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Mr. Nong Duc Manh အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဟန္နိုင်းမြို့ရှိ ဗီယက်နမ်ကွန်မြူနစ်ပါတီဌာနချုပ်သို့ သွားရောက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Mr. Nong Duc Manh အား တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဧပြီ ၁၀ ရက်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ်(၁၁)ရပ်ကွက် ရတနာသုခ သိပ္ပံကျောင်းနေဆရာတော် ဦးပဏ္ဍိစ္စက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေး အဖွဲ့တွဲဖက် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တပ်မတော်ဘောလုံးနည်းပြများအား အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၀

၂၀၀၅ ခုနှစ် တတိယအကြိမ်မြောက် တပ်မတော်ဘောလုံးနည်းပြဆရာများအား အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီက မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဘောလုံးကွင်း၌ ကျင်းပရာ တပ်မတော် ဘောလုံးကော်မတီဥက္ကဋ္ဌ ဟောင်းများနှင့် အတွင်းရေးမှူးဟောင်းများ၊ ကန်တော့ခံတပ်မတော် ဘောလုံးနည်းပြ ဆရာများနှင့် တပ်မတော်ဘောလုံးသမားဟောင်းများတက်ရောက်ကြသည်။

အမှာစကား

အာစရိယပူဇော်ပွဲ မစတင်မီ တပ်မတော်ဘောလုံးသမားဟောင်းများ နှစ်သင်းခွဲ၍ မိတ်ဆက် ဘောလုံးပွဲ ယှဉ်ပြိုင်ကစားကြသည်။ ထို့နောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးစိုးမြင့်အောင်က အဖွင့်အမှာ စကား ပြောကြားသည်။

ဆက်လက်၍တပ်မတော်ဘောလုံးကော်မတီတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် နည်းပြ ဆရာများအား တပ်မတော်ဘောလုံးသမားဟောင်းများက ကန်တော့ကြိုးဖြင့် ပူဇော်ကန်တော့ပြီး ကန်တော့ပစ္စည်းများအား ပေးအပ်ကြသည်။ ထို့နောက် ကန်တော့ခံနည်းပြဆရာများကိုယ်စား ဗိုလ်ကြီးသန်းအောင်(ငြိမ်း)က လည်းကောင်း၊ တပ်မတော်ဘောလုံးကော်မတီ ဥက္ကဋ္ဌဟောင်းများ ကိုယ်စား ဗိုလ်မှူးကြီးသန့်ဇင်(ငြိမ်း)နှင့် ဒုတိယဗိုလ်မှူးကြီးစိုးသန်း(ငြိမ်း)တို့က လည်းကောင်း၊ အတွင်းရေးမှူးဟောင်းများ ကိုယ်စား ဗိုလ်မှူးစိန်ကြည်(ငြိမ်း)ကလည်းကောင်း ဩဝါဒစကား ပြောကြားသည်။

တက်ရောက်

တတိယအကြိမ်မြောက်အာစရိယပူဇော်ပွဲအခမ်းအနားသို့ ကန်တော့ခံနည်းပြဆရာ ၁၇ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရိုးရာခြင်းလုံးခတ် ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၀

၂၀၀၅ခုနှစ် ပထမအကြိမ် အားကစား ဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ် ပြိုင်ပွဲနှင့် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို မေ ၂ရက်မှ ၆ရက်အထိ အမျိုးသားအားကစားရုံ(သုဝဏ္ဏ)တွင်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ တံခွန်စိုက်တန်းပြိုင်ပွဲ၊ ခြောက်ပေါက်တန်းပြိုင်ပွဲ၊ လေးပေါက်တန်းပြိုင်ပွဲနှင့်အမျိုးသမီး ဝိုင်းခတ်ပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ် သိလိုပါက ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် ဖုန်း-၀၉-၈၀-၂၂၅၃၂နှင့်အတွင်းရေးမှူးဦးခင်မောင်မြင့် ဖုန်း-၅၇၁၀၅၇တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲဆက် စီးပွား/ကူးသန်းနှင့် မြို့တော်စည်ပင် အနိုင်ရရှိ

ရန်ကုန် ဧပြီ ၁၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းက လယ်ယာထွက်ကုန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ မလိခအသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြို့တော်စည်ပင်အသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အမှတ်ရရှိမှု

ယနေ့ပွဲစဉ်များအပြီးတွင် စီးပွား/ကူးသန်းအသင်းက ၁၁ပွဲကစား အမှတ် (၃၀)၊ မြို့တော်စည်ပင်အသင်းက ၁၃ပွဲကစား (၂၆)မှတ်၊ လယ်ယာထွက်ကုန်အသင်းက ၁၃ပွဲကစား (၁၇)မှတ်၊ မလိခအသင်းက ၁၃ပွဲကစား (၃)မှတ် ရရှိထားကြသည်။ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ အမှတ် (၃၀)စီ တူညီနေသော်လည်း ဂိုးကွာခြားချက်အရ လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်အသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ယနေ့ပွဲ

ဧပြီ ၁၁ရက် **(ယနေ့)** ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ သစ်တောရေးရာအသင်းနှင့် တံခွန်အသင်း၊ ပဒေသာအားကစားကွင်း၌ ပို့ဆောင်ရေးအသင်းနှင့်စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၁-၄-၂၀၀၅(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	ခါသကြိမ်အဆိုအကများ
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar made Easy
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သချာ်အထူးပြု) (သချာ်)
၁၇:၀၀	၅။	ခါသကြိမ်အဆိုအကများ
၁၇:၁၅	၆။	မြန်မာစာ မြန်မာစကား
၁၇:၃၀	၇။	မြန်မာ့ရိုးရာတောခလေ့ကျေးလက်တေးသံသာ
၁၇:၄၅	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇:၅၅	၉။	ခါသကြိမ်အဆိုအကများ
၁၈:၁၀	၁၀။	Discovery
၁၈:၁၅	၁၁။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၈၃)
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	စည်းကမ်းထိန်းပါ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန် ပွဲတော်မှာ
၁၉:၂၅	၁၅။	ခါသကြိမ်အဆိုအကများ
၁၉:၄၀	၁၆။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်း၏ ချစ်သံစဉ်"** (အပိုင်း-၇)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

ပရီမီယာလိဂ်ပွဲစဉ်(၃၂)
တနင်္ဂနွေနေ့ည အနိုင်အရှုံး

ရန်ကုန် ဧပြီ ၁၀

အဲဗာတန် ၄ - ၀ ပဲလေ့စ်
အက်စတန်ဗီလာ ၁ - ၁ ဝက်စ်ဘရွန်း

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ထိပ်ဆုံးမှ ချယ်လ်ဆီးသရေကျ၊ အာဆင်နယ်နိုင်ပွဲဆက် နာမည်ကြီးမန်ယူ အောက်ဆုံးမှ နော့ဝှစ်ချ်ကို ရှုံးနိမ့်

မန်ချက်စတာ ဧပြီ ၁၀

အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို ဧပြီ၉ရက်က ဆက်လက်ကျင်းပရာ ပရီမီယာလိဂ်နာမည်ကြီးအသင်းများဖြစ်သော ချယ်လ်ဆီးအသင်းက ဘာမင်ဂမ်နှင့်အိမ်ကွင်း၌မမျှော်လင့်ဘဲ တစ်ဂိုးစီသရေပွဲဖြစ်သွားခဲ့သကဲ့သို့ မန်ချက်စတာယူနိုက်တက်အသင်းကလည်း နော့ဝှစ်ချ်အသင်းကိုအဝေးကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည်။အာဆင်နယ်အသင်းကလည်း မစ်ဒယ်ဘရော့ကိုတစ်ဂိုး-ဂိုးမရှိဖြင့် ကံကောင်းထောက်မစွာကပ်ပြီး အနိုင်ရရှိခဲ့သဖြင့် တန်းစီဇယား ပထမနေရာတွင်ရှိသော ချယ်လ်ဆီးအသင်းနှင့် (၁၁)မှတ်အကွာသို့ ရောက်ရှိလာခဲ့သည်။

ချယ်လ်ဆီးနှင့်ဘာမင်ဂမ်

၃၂ပွဲကစားပြီးချိန်အထိ အိမ်ကွင်း၌ ရှုံးပွဲ လုံးဝမရှိသေးသော ချယ်လ်ဆီးအသင်းသည် ယခုပွဲအိမ်ကွင်း၌ ကံကောင်းစွာဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းတိုက်စစ်ကို ကက်ဇ်မန်း၊ တီရာဂိုနှင့် စမြာတင်တို့ဖြင့် ကစားစေခဲ့ရာ အလယ်တန်းမှလမ်းပတ်နှင့် ဒပ်ဖ်တို့၏ ဘောလုံးဖြန့်ဝေပေးမှုနှင့်တိုက်စစ်ကို လိုက်ပါအားဖြည့် ကစားနိုင်သော်လည်း သေချာပေါက် ဂိုးသွင်းခွင့်များကို တိုက်စစ်မှူးများအပြည့်အဝ အသုံးမချနိုင်ခဲ့ပေ။

ဖရန့်လမ်းပတ်၏ အနီးကပ်ကန်သွင်းမှုနှင့် ဂျိုးကိုးလ်၏ ကိုက်၂၀ အကွာမှအပြင်းကန်သွင်းမှုများကိုလည်း ဘာမင်ဂမ် ဂိုးသမား မိုက်တေလာ ကာကွယ်သွားနိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်း အကြိမ်ကြိမ် ထိုးဖောက်တိုက်စစ်ဆင်သော်လည်း အဆုံးသတ်မပိုင်နိုင်ဘဲရှိရာ ၄၅မိနစ်တွင် စမြာတင်အစား ဂတ်ဂျွန်ဆင်၊ ကက်ဇ်မန်းအစား ဒရော့ဘာတို့ လူစား ဝင်ရောက်ကစားခဲ့သဖြင့် ကစားကွက် မြန်ဆန်လာခဲ့သည်။

ချယ်လ်ဆီးတို့ဖိကစားနေရာမှ ၆၅ မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် ဘာမင်ဂမ်တိုက်စစ်မှူး ပင်ဒီရာနီက အဖွင့်ဂိုးသွင်းယူခဲ့ရာ ပွဲမှာ ပိုမိုသွက်လက်လာပြီး ချယ်လ်ဆီးတို့ချေပဂိုးရရှိရေး အပြင်းအထန် ထိုးဖောက်ကစားခဲ့ရာ အဝင်ကြမ်းမှုကြောင့် ချယ်လ်ဆီးမှ ဂျိုးကိုးလ်နှင့်တီရာဂိုတို့အဝါကတ်ပြခံရသည်။ ၈၂မိနစ်တွင် ဖရန့်လမ်းပတ်က ဘာမင်ဂမ် ဂိုးဧရိယာအတွင်း ဖြတ်ပေးလိုက်သည့် ဘောလုံးကို ဒရော့ဘာပြေးဝင်ပိတ်ကန်သွင်းခဲ့သဖြင့် ချေပဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ယခုပွဲချယ်လ်ဆီးတို့သရေပွဲဖြစ်ခဲ့ခြင်းမှာ ၃၂ပွဲကစားပြီးချိန်တွင် အိမ်ကွင်း၌ လေးပွဲမြောက် သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ ချယ်လ်ဆီးသည် လာမည့် အင်္ဂါနေ့တွင် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ အဖြစ် ဘေယန်မြူးနစ်နှင့် ကစားရမည်ဖြစ်သည်။

မန်ယူရှုံးနိမ့်

တန်းစီဇယား အောက်ဆုံးတွင် ရောက်ရှိနေသော နော့ဝှစ်ချ်အသင်းကို မန်ယူတို့ချေပဂိုးပင်ပြန်မသွင်းနိုင်ဘဲ အရှုံးကြီးရှုံးခဲ့ရပြန်သည်။ ပွဲအစတွင် စမစ်နှင့်ဆာဟာတို့ကို တိုက်စစ်မှူးများ အဖြစ်တွဲထားစေခဲ့သော်လည်း နော့ဝှစ်ချ်နောက်တန်းကိုထိထိရောက်ရောက် မခြိမ်းခြောက်နိုင်ခဲ့သဖြင့် ဆာဟာအစား ရိုနယ်ဒို၊ ဖော်ကျွန်းအစား ရွန်နီ၊ ကလီဘာဆင်အစား နစ္စတယ်ရွိုင်းတို့ ဝင်ရောက်ကစားခဲ့ရသည်။

ချယ်လ်ဆီးနှင့် ဘာမင်ဂမ်တို့ပွဲတွင် ချယ်လ်ဆီးမှ ဖရန့်လမ်းပတ်(ယာ)**ထိုးဖောက်ကစားစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

မန်ယူတို့ဘောလုံးပိုင်ဆိုင်မှုများများဖြင့် တိုက်စစ်ဆင်ကစားသော်လည်း နော့ဝှစ်ချ်နောက်တန်းနှင့်အလယ်တန်းက နှစ်ယောက်ဆင့်၊ သုံးယောက်ဆင့် ဖျက်ထုတ်နေသဖြင့် စိတ်ကြိုက်ဂိုးသွင်းခွင့်မရဘဲ ဖြစ်ခဲ့ရသည်။

မန်ယူတို့ အဖွင့်ဂိုးရရှိရေးကြိုးစားနေရာမှ တန်ပြန် တိုက်စစ်မှတစ်ဆင့် ၅၅မိနစ်တွင် နော့ဝှစ်ချ် တိုက်စစ်မှူး အက်ရှ်တန်ကတစ်ဂိုး၊ ၆၆ မိနစ်တွင် တိုက်စစ်မှူးမက်ကင်ဇီက တစ်ဂိုး ဆက်တိုက် သွင်းယူခဲ့သဖြင့် နော့ဝှစ်ချ်တို့ နှစ်ဂိုးအသာဖြင့်ဦးဆောင်နေခဲ့သည်။

မန်ယူတို့ ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားကစားရာမှ ရွန်နီနှင့် ပေါလ်စခိုးတို့ အဝင်ကြမ်းမှုကြောင့် အဝါကတ်အပြခံခဲ့ရပြီး ပွဲချိန်ပြည့်သည်အထိ ချေပဂိုးပင် ပြန်မသွင်းနိုင်ဘဲ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မန်ယူအသင်း ယခုပွဲရှုံးခဲ့ရသဖြင့် ထိပ်ဆုံးမှ ချယ်လ်ဆီးနှင့် ၁၄မှတ်ပြတ်သွားပြီး အာဆင်နယ်နှင့် (၃)မှတ် ကွာခြားသွားခဲ့ပြီဖြစ်သည်။

ပရီမီယာလိဂ် ဘောလုံးပွဲစဉ် (၃၂)အဖြစ် နော့ဝှစ်ချ်နှင့်မန်ယူတို့ ပွဲတွင် မန်ယူမှ ရိုနယ်ဒို (ယာ) **ထိုးဖောက်မှုကို နော့ဝှစ်ချ်မှ ဟက်ကာဘီ ဖြတ်ယူဟန့်တားစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

အာဆင်နယ်

အိမ်ကွင်းကစားပုံ မာကြောသည့် မစ်ဒယ်ဘရော့ကို အာဆင်နယ်တို့ ဒုတိယပိုင်းရောက်မှသာ ဂိုးသွင်းနိုင်ခဲ့သည်။ အာဆင်နယ် ရှေ့တန်းတွင် ရီးယက်စ်နှင့် ဟင်နရီတို့၏ တိုက်စစ်အတွဲကို ဗီယာရာ၊ ဆီလ်ဗာ၊ ပီရက်စ်တို့က ဝိုင်းရံပေးခဲ့ပြီး အုပ်စုဖွဲ့ထိုးဖောက်ကစားသလို ဘယ်ညာတောင်ပံများမှလည်း တိုက်စစ်ဆင်ခဲ့သော်လည်း ကန်ချက်များ လွဲချော်နေမှုကြောင့် ဂိုးမရရှိဘဲဖြစ်ခဲ့ရသည်။

မစ်ဒယ်ဘရော့က အတင်းဝင်၊ အတင်းဖျက်နှင့် လျှင်လျှင်မြန်မြန် တုံ့ပြန်ကစားမှုကြောင့် အာဆင်နယ်တို့ ကစားကွက် တည်မိအောင်ကြိုးစားကစားခဲ့ရသည်။

ဒုတိယပိုင်းတွင် အာဆင်နယ်အသင်း ကစားကွက်အချိတ်အဆက် မှန်မှန်ဖြင့် ထိုးဖောက်ကစားရာမှ ၇၃ မိနစ်တွင် ရောဘတ်ပီရက်စ်က တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် အာဆင်နယ်အသင်းသည် ထိပ်ဆုံးမှ ချယ်လ်ဆီးအသင်းနှင့် (၁၁)မှတ်သာ ကွာခြားတော့သည့် အနေအထားတွင် ရောက်ရှိနေသည်။

မန်စီးတီးနှင့်လီဗာပူး

ချန်ပီယံလိဂ် ပထမအကျော့ပွဲစဉ်တွင် ဂျူဗင်းတပ်စ်ကို ခြေစွမ်းပြပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူထားခဲ့သော လီဗာပူးက မန်စီးတီးကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ မန်စီးတီးအသင်း အိမ်ကွင်း၌ ကစားကွက်အသာစီးရပြီး ကစားနိုင်မှုကြောင့် လီဗာပူးတို့ ဂိုးသွင်းခွင့် ပိုင်ပိုင်နိုင်နိုင်မရရှိခဲ့ခြင်းဖြစ်ပြီး ဒုတိယပိုင်းပြီးခါနီးတွင်မှမန်စီးတီးမှ မူဆမ်ပါက တစ်လုံးတည်းသောအနိုင်ဂိုးကိုသွင်းယူခဲ့သဖြင့် လီဗာပူးတို့ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ လီဗာပူး ယခုပွဲရှုံးခဲ့သဖြင့် နောက်နှစ်ချန်ပီယံလိဂ်ဘောလုံးရာသီ ကစားခွင့်ရရန် အဲဗာတန်ကို ကျော်မတက်နိုင်ဘဲ တန်းစီဇယား ပဉ္စမနေရာတွင်သာ ရှိနေမြဲဖြစ်သည်။ **(အင်တာနက်)**

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးကြပ်မတ်ရေးကော်မတီဒုတိယဥက္ကဋ္ဌနှင့်ကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့ များအားအဖွဲ့ နှစ်ဖွဲ့ ခွဲ၍လှည့်လည်စစ်ဆေး

ရန်ကုန် ဧပြီ ၁၀

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ဝင် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှဆွေ၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဒုတိယအဖွဲ့ ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ညနေပိုင်းတွင်လည်းကောင်း၊ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။ **(အပေါ်ပုံ)**

စစ်ဆေး

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)တို့ ပါရှိခြင်း ရှိမရှိနှင့် ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်း ရှိမရှိတို့ကို စစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်း စစ်ဆေးကြသည်။ **(သတင်းစဉ်)**

နှစ်ဦးသကြ်န်ပြိုင်ပွဲ ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၀

မြန်မာ့ယဉ်ကျေးမှုကို ပိုမိုသိရှိ မြတ်နိုးလာစေရန်နှင့် ကွန်ပျူတာ နည်းပညာကိုလူငယ်များ ပိုမို စိတ်ဝင်စားစေရန် ရည်ရွယ်ချက်ဖြင့် Myanmar Media Technologycal Network Co., Ltd. က ကြီးမှူး၍ The First Myanmar Flash Movie Competition ပြိုင်ပွဲဖြစ်သည့် 'အတာကူးတဲ့ နှစ်ဦးသကြ်န်'အမည်ရှိ ဖလက်ရှ်ရုပ်ရှင်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဧပြီ ၁၂ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ လှိုင်မြို့နယ် MICT Park ရှိ Conference Hall၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်များအသင်း(MCPA) ဝင် ပညာရှင်များ ပါဝင်သည့် ဆုရွေးချယ်ရေးအဖွဲ့က ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုနှစ်ဆုတို့ကိုရွေးချယ်ပြီး ဆုပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ ဆုရရှိသူများက မိမိတို့၏ Flash Movie ကို Presentation လုပ်ပြမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်ရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် (၁၀)နာရီမှ ညနေ (၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ၁၂၃လမ်း၊ အမှတ် ၅၂ နေ
ဗိုလ်မှူးထွန်းရှိန်(ငြိမ်း)–ဒေါ်ခင်သီတာဦး(အထပြ၊ငြိမ်း)တို့၏သားငယ်

မောင်ဉာဏ်လင်းထွန်း B.Sc (Maths)
I.D.C.S (NCC,UK)

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁ လမ်း၊ အမှတ် ၄၂/၄၄၊ အခန်း ၉ နေ
(ဦးမျိုးလွင်)–ဒေါ်မြင့်မြင့်ဝင်းတို့၏ တစ်ဦးတည်းသောသမီး

မယမင်းဇာဇာလွင် B.Sc(Maths)

တို့သည် ၁၀–၄–၂၀၀၅ရက် (တနင်္ဂနွေနေ့)တွင် Jade Garden Restaurant၌ နှစ်ဖက်သော မိဘဆွေမျိုး ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပြီးဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဉာဏ်လင်းထွန်း–မယမင်းဇာဇာလွင်။





ဦးမိုဟန်လာလ်၏ ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း ကြေညာချက်အပေါ်ဖြေရှင်းခြင်း

ဦးမိုဟန်လာလ် ၈/သရန(နိုင်)၀၅၅၀၉၂၏ ၃–၄–၂၀၀၅ရက်ထုတ် ကြေးမုံသတင်းစာ၌ထည့်သွင်းကြေညာထားသော မဆရီတာဒေဝီ ၁၂/ပဘတ(နိုင်)၀၁၅၉၅၉ အပေါ် ဇနီးအဖြစ်မှစွန့်လွှတ်ခြင်းခေါင်းစဉ်ဖြင့် စွန့်လွှတ်ကြောင်း ကြေညာထားပါသည်။ ယင်းကြေညာချက်နှင့်ပတ်သက်၍ ဇနီးဖြစ်သူအပေါ် ကိုယ်ထိလက်ရောက်ပြုမူဆက်ဆံသဖြင့် ဇနီးဖြစ်သူမှ ၎င်း၏လုံခြုံမှုစိုးရိမ်ရသည့် အခြေအနေကြောင့် ရန်ကုန်မြို့ရှိ မိဘဆွေမျိုးများနေထိုင်ရာကို လာရောက်ခြင်းဖြစ်ပါသည်။ ဦးမိုဟန်လာလ် ကြေညာသကဲ့သို့ ရွှေငွေပစ္စည်းများ ယူဆောင်ခဲ့ခြင်းမရှိဘဲ ရွှေငွေပစ္စည်းများယူဆောင်သွားသည်ဟု မမှန်မကန်ကြေညာထားခြင်းဖြစ် ပါသည်။ ထိုသို့ မမှန်မကန်ကြေညာထားခြင်းများကို ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုအပ်ပါသည်။ မဆရီတာဒေဝီ ၁၂/ပဘတ(နိုင်)၀၁၅၉၅၉၏ ညွှန်ကြားချက်အရ

ဦးအောင်သန်း (တရားရုံးချုပ်ရှေ့နေ)စဉ်–၃၂၈၆
အမှတ်၆၄၇၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

မီးဘေးရှောင် မလောင်ခင်တား

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း ၃၀ နေ
ဦးလှတင်–ဒေါ်လှမြင့်(ငွေစန္ဒာအထည်ဆိုင်–မင်္ဂလာဈေး)တို့၏သား

မောင်ဝင်းနိုင် B.Com
PC Myanmar (Hong Kong) Limited.

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာနေ
ဦးမောင်သန်း(Myint & Associates Co.,Ltd.)–ဒေါ်ခင်ကြည်
တို့၏တစ်ဦးတည်းသောသမီး

မဝင်းမင်းသန်း
B.Sc (Maths), DBS (LCCI), CAT (ACCA)
PC Myanmar (Hong Kong) Limited.

တို့၏ ၁၀–၄–၂၀၀၅ရက်တွင် Yuzana Garden Hotel၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းနှင့်ဇနီး ဒေါ်ခင်ခင်အုန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဦးရဲဖုန်းမြင့် (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်နွဲ့နွဲ့အေးတို့အားလည်းကောင်း၊ မေတ္တာဖြင့်အခါတော်ပေးသီဆိုပေးသော အနုပညာရှင် ဒေါ်ချိုပြုံးအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဆွေမျိုးမိတ်သင်္ဂဟများ၊မင်္ဂလာညည့်ခံပွဲဖြစ်မြောက်ရေးအတွက်အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသူများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝင်းနိုင်–မဝင်းမင်းသန်း။



ကျောင်းကုန်းမြို့နယ်၌ ရင်ဆိုင်–မရမ်းချောင် ကျေးလက်ကျောက်ချောလမ်းဖွင့် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေ

ကျောင်းကုန်း ဧပြီ ၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရင်ဆိုင်–မရမ်းချောင် ကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ရင်ဆိုင်–မရမ်းချောင် ကျေးလက်လမ်းရှိ အဆိုပါလမ်းမုခ်ဦးတွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမြင့်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးက ကျောက်ချောလမ်းနှင့် ပတ်သက်သည်များ ရှင်းလင်း ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရင်ဆိုင်–မရမ်းချောင်ကျေးလက် ကျောက်ချောလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌဦးလှမြင့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းစိန်၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ဌေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

အဆိုပါ ကျောက်ချောလမ်းသစ်မှာ အရှည်ပေ ၄၀၃၀၊ အကျယ် ၁၂ပေ၊ ထုခြောက်လက်မ ဖြစ်ပြီး နိုင်ငံတော်က ငွေကျပ်၆၃သိန်း အကုန်အကျခံ ဆောင်ရွက်ပေးသည့် လမ်းဖြစ်ပြီး ရန်ကုန်–ကျောင်းကုန်း–ပုသိမ်လမ်းမကြီးနှင့် အိမ်မဲ–ဒါးက ကားလမ်းမကြီးများနှင့် ဆက်သွယ်လျက်ရှိရာ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများနှင့် အများဆုံး ဆက်သွယ်သောလမ်းဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေ ချောမွေ့နိုင်ကြ၍ ဝမ်းသာလျက်ရှိကြောင်း သိရသည်။ **(၂၆၅)**

ဧပြီ ၁ရက်က အမှုဆောင် အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အငယ်တန်း အင်ဂျင်နီယာ (၂)ဦးခင်မောင်တင့်တို့ ထားဝယ်မြို့ ဆိပ်ကမ်းသာလမ်း ထပ်ပိုးလွှာကတ္တရာခင်းခြင်း လုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ကြွယ်ဝရေး သီပေါမြို့နယ်တွင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

သီပေါ ဧပြီ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ကြွယ်ဝရေးအတွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် ပညာပေးဟောပြောပွဲကို မတ်၁၅ ရက်က ဆောင်ကြိကျေးရွာအုပ်စု ပန်မြိုင်းကျေးရွာ မူလတန်းကျောင်း၌ကျင်းပရာ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုင်းသာလှိုင်၊ ပန်မြိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအုပ်ဆရာကြီး ဦးသန်းလွင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းဘအောင်တို့က ပညာ အလင်း စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆွေးနွေး

အစီအစဉ်အရ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုင်းသာလှိုင်က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်သိင်္ဂီစိုးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်စာဖတ်ခြင်း၏အကျိုးကျေးဇူးကိုဟောပြောဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက သုတ၊ ရသ စာအုပ်မျိုးစုံ အုပ်၅၀နှင့် နေ့စဉ်ထုတ် သတင်းစာများကို ပန်မြိုင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာအလင်းစာကြည့်တိုက် ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးသန်းလွင်ထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(၃၀၆)**

ဖေဖော်ဝါရီ ၁၂ရက်က ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ဦးဥတ္တမလမ်း ကတ္တရာလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အမှုဆောင်အရာရှိ ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(နယ်စပ်/စည်ပင်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု ဖယ်ခုံမြို့တွင် ငြိမ်းချမ်းသာကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ဖယ်ခုံ ဧပြီ ၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးတန်းရပ်ကွက် ပြည်သူတို့ ပူးပေါင်းဆောင် ရွက်သည့် ငြိမ်းချမ်းသာလမ်း ကတ္တရာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက် နံနက်၈နာရီခွဲက အဆိုပါလမ်း မုခ်ဦးရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဒီးဒီး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်နန်းအေးထူးတို့က အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသက်မိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဒီးဒီးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်နန်းအေးထူးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အဆိုပါ ကတ္တရာလမ်းသည် အရှည်ပေ ၉၅၀၊ အကျယ် ၁၂ပေရှိပြီး စုစုပေါင်း ငွေကျပ်၉၆၃၁၃၀ဖြင့်အကုန်အကျခံဆောင်ရွက်သော လမ်းဖြစ်ကြောင်းသိရသည်။

(နယ်စပ်/စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဗန်းမော်မြို့တွင် ကျောက်ချောလမ်းသစ်ဖွင့်

ဗန်းမော် ဧပြီ ၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော အစိုးရနည်းပညာ ကောလိပ်အဝင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ ရက်က ကျင်းပရာ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသောင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမင်းဇော်က လမ်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ ကျောက်ချောလမ်းမှာ အရှည် ပေ၃၉၀၀၊ အကျယ် ၁၂ပေ ရှိကြောင်းသိရသည်။**(နယ်စပ်/စည်ပင်)**

ကွင်းဆင်းကြီးကြပ်

အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်အိမ်ရာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အုန်းနဲ့ကျေးရွာရှိ ဦးစိန်ဝင်း၏ကျေးလက်အိမ်ရာ ဆောက်လုပ်မှုကို မတ် ၂၈ရက်က အမှုဆောင် အရာရှိ ဦးစန်းလွင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(၀၇၄)

11-4 (15).p65 1 3/26/05, 9:53 PM

လယ်ဝေး ရွှေဟောင်းနဂါးရုံစေတီတော် ဘက်စုံမွမ်းမံပြီးစီး ရွှေထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပ

လယ်ဝေး ဧပြီ ၅

လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်အုပ်စု ကျောင်းကုန်းကျေးရွာ နဂါးရုံ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ရွှေဟောင်းနဂါးရုံစေတီတော် ဘက်စုံမွမ်းမံ ပြုပြင်ပြီးစီးခြင်း အထိမ်းအမှတ်နှင့် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ဧပြီ ၂ ရက်နံနက်က နဂါးရုံဘုရားဝင်းအတွင်း၌ ကျင်းပရာ လယ်ဝေးမြို့နယ် ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် နာယကဆရာတော် ဦးဇနိန္ဒ အမှူးပြုသော သံဃာတော်များ၊ ကျောင်းကုန်း နဂါးရုံကျောင်းဆရာတော် ဦးတိက္ခဉာဏနှင့် သံဃာတော်များ၊ ဘက်စုံပြုပြင် အလှူရှင်များ၊ ရွှေထီးတော်အလှူရှင်များ၊ ဒါယကာ ဒါယိကာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် နာယကဆရာတော် ဦးဇနိန္ဒထံမှ ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်များက ပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ကြသည်။

တင်လှူပူဇော်

ဆက်လက်၍ အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို သံဃာတော်များထံ ဆက်ကပ်ကြပြီးနောက် ဒေဝါဝင်း၊ ရာဇာဝင်းခင်းလျက် နဂါးရုံစေတီတော်ကြီးအား လက်ယာရစ် ပူဇော်ကြကာ မင်္ဂလာအချိန်ကျရောက်သည်နှင့် ဦးမြဟန်ဦးဆောင်သော ရန်အောင်မြင်ဘုရား ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့က ရထားပျံဖြင့် စေတီအထွတ်သို့ တင်လှူပူဇော်ကြသည်။

အမျှပေးဝေ

ထို့နောက် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြပြီးနောက် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တွင် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၆ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရတနာခန်းမ တွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာညီညီမင်းက ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ကဝမြို့နယ် ခမေကြီး-သပြေကန် တံတားသစ်ဖွင့်

ကဝ ဧပြီ ၅

ကဝမြို့နယ် ခမေကြီး-သပြေကန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတံတားသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၈ရက်က အဆိုပါတံတားမုခ်ဦးရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ တံတားတည်ဆောက်ရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းက တံတားတည်ဆောက်ခဲ့မှုအခြေအနေကို လည်းကောင်း၊ ကဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ထွေးက ကျေးဇူးတင်စကားကို လည်းကောင်း ပြောကြားကြသည်။

ထို့နောက်တံတားတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွန်း၊ အတွင်းရေးမှူး ဦးလှိုင်ထွန်းနှင့် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးထွန်းသိန်းတို့က တံတားသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(က-ပ)**

တာချီလိတ်မြို့နယ် မိခင်/ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့်

တာချီလိတ် ဧပြီ ၅

တာချီလိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှု သင်တန်းအမှတ်စဉ် (၁/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၈ ရက်က မကာဟိုခမ်းရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်း အဆောက်အအုံ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီး ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူသူမင်းစံက အဖွင့်အမှာစကား ပြောကြားပြီး **(အောက်ပုံ)** တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဦးမြဲက တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှုအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်တင်တင်လှက သင်တန်းဖွင့်လှစ် ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း ရှင်းလင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်ကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို မတ်၅ရက်က ကျင်းပရာ ဒုတိယဦးစီးမှူး (ဈေး) ဦးခင်မောင်သန်း ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ လက်တွေ့သရုပ်ပြသကြစဉ်။ (မြို့နယ် စည်ပင်)

ပင်လောင်းမြို့၌ လမ်းပေါက်ဖာထေး

ပင်လောင်း ဧပြီ ၅

ပင်လောင်းမြို့နယ် ရေခေါက်ကျေးရွာ အဝင်ကျောက်ချောလမ်းကို မတ် ၁၉ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ လမ်းပေါက်ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးက ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လက်မှတ်ပေးအပ်

ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် မူလတန်းဆင့်နှင့် အလယ်တန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ၃ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဦးက ကျောင်းသူတစ်ဦးအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (၀၉၈)

အမြို့မြို့အနယ်နယ်သတင်းများ

မြန်မာ့ယဉ်ကျေးမှုသကြၤန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြၤန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀ နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ - ထောင်တစ်နှစ်

၂။ ကစားသူ - ထောင်သုံးနှစ်

၃။ ထုတ်လုပ်ရောင်းချသူ - ထောင်ငါးနှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသကြၤန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက်(၂/၂၀၀၅)
ရန်ကုန်မြို့၊ ၁၃၆၆ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ရက်၊ ၂၀၀၅ ခုနှစ်၊ မတ်လ ၂၅ရက်

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်များ ရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၅ ခုနှစ်(ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ) များအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ပုဒ်မ-၁၂၊ ပုဒ်မ-၁၃၊ ပုဒ်မ-၁၅တို့နှင့် အညီ နိုင်ငံသား ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များကို ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ် အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်) အတွက် အာမခံစပေါ်ငွေ (DEPOSIT) ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများကို ခွင့်ပြုမိန့်ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်း စသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာ တူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရ လည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာ တူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိရမည့်အပြင်၊ ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထား စာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာ လုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်းမပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉-ခုနှစ်၊ အောက်တိုဘာလ (၁)ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ ခုနှစ်၊ မေလ (၁၂)ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ်၊ ၈၅/၂၀၀၄ အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက် တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များ၊ တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့်ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေ အကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကိုလိုက်နာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်း ကာလမှာ (၃)နှစ်ဖြစ်ပြီး၊ အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာကျပ် (၁၀)သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများ တင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့်အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည် ထုတ်ပေးရန်၊ လုပ်ကွက်နေရာ ပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ အဆိုပြုလွှာများ တင်သွင်းရာတွင် မိမိလက်ငုတ်လုပ်ကွက်အတွက် မဟုတ်ဘဲ အခြားလုပ်ငန်းရှင် လုပ်ကိုင်ခွင့်ရ သက်တမ်းကုန်လုပ်ကွက်များအတွက် အဆိုပြုငွေများပြားစွာပေးသွင်းရန် တင်ပြပြီး ၎င်းလုပ်ကွက်ကို လုပ်ကိုင်ခွင့်ချထားပေးပြီးနောက် အကြောင်းအမျိုးမျိုးဖော်ပြ၍ လုပ်ကိုင်ခွင့်ချထား ပေးသည့်စာရင်းမှ ပယ်ဖျက်ခွင့်ပြုရန် တင်ပြခြင်းပြုလုပ်ခဲ့ပါက အဆိုပြု တင်ပြသည့် လုပ်ကွက်အတွက် ပေးသွင်းထားသည့် အာမခံစပေါ်ငွေကျပ် တစ်သိန်းကိုနိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခြင်းခံရမည့်အပြင် ပယ်ဖျက်ခွင့် တင်ပြသည့် လုပ်ကွက်အတွက် အောက်ဖော်ပြပါအတိုင်း သတ်မှတ်သည့် ဒဏ်ကြေးငွေများကို နိုင်ငံတော်သို့ ပေးဆောင်ရပါမည်-

(က) အဆိုပြုငွေကျပ် (၅၁)သိန်းမှ ကျပ် သိန်း(၇၀)အထိ ပေးသွင်းရန် အဆိုပြုလွှာ တင်သွင်းထားသည့် လုပ်ကွက်တစ်ကွက်အတွက် ဒဏ်ကြေးငွေကျပ် ၃သိန်း။

(ခ) အဆိုပြုငွေကျပ် (၇၁)သိန်းမှ ကျပ် သိန်း(၂၀၀)အထိ ပေးသွင်းရန် အဆိုပြုလွှာတင်သွင်းထားသည့် လုပ်ကွက်တစ်ကွက်အတွက် ဒဏ်ကြေး ငွေကျပ် ၅သိန်း။

(ဂ) အဆိုပြုငွေကျပ် (၂၀၁)သိန်းမှ ကျပ် သိန်း(၅၀၀)အထိ ပေးသွင်းရန် အဆိုပြုလွှာ တင်သွင်းထားသည့် လုပ်ကွက်တစ်ကွက်အတွက် ဒဏ်ကြေး ငွေကျပ် ၁၀သိန်း။

(ဃ) အဆိုပြုငွေကျပ် (၅၀၁)သိန်းမှ ကျပ် သိန်း(၁၀၀၀)အထိ ပေးသွင်းရန် အဆိုပြုလွှာ တင်သွင်းထားသည့် လုပ်ကွက်တစ်ကွက်အတွက် ဒဏ်ကြေး ငွေကျပ် ၁၅သိန်း။

(င) အဆိုပြုငွေကျပ် (၁၀၀၁)သိန်းနှင့် အထက်ပေးသွင်းရန် အဆိုပြုလွှာ တင်သွင်းထားသည့် လုပ်ကွက်တစ်ကွက်အတွက် ဒဏ်ကြေးငွေကျပ် သိန်း၂၀။

၇။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာ ပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။

အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၅ခုနှစ် ဧပြီလ ၄ရက်မှစ၍ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက် ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) အဆိုပြုလွှာများတင်သွင်းခြင်း။

အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ (သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ (ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍၊ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၀၅ခုနှစ် ဧပြီလ ၄ရက်မှ ၂၀၀၅ခုနှစ် မေလ ၆ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၈။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းစခန်းရုံးတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

အမည်ပြောင်း

ကျောက်တန်းမြို့ တံတားမြို့နယ်ခွဲ အထက တံတားမြို့ ဦးကျော်ဆွေ၏သမီး အဋ္ဌမတန်းမှ မအိနှင်းသော်အား ယနေ့မှစ၍ မအင်ကြင်းမွှေးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအင်ကြင်းမွှေး။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဂ/၄၂၅ လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံး (မော်လမြိုင်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်)။**



NISSAN LAUREL TAXI (DIESEL) 92 MODEL

အင်ဂျင်ပြုပြင်ပြီး၊ အိမ်ပေးငှားမည်။
ရုံးချိန်အတွင်း၊ ဖုန်း-၅၄၆၂၇၃။

ကန့်ကွက်နိုင်ပါသည်

ဆိုင်ကယ်အမှတ် တခလ/၃၄၉၆ လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း ကညန၊ အရှေ့တိုင်းရုံး (တာချီလိတ်)သို့ ဆက်သွယ် ဆောင်ရွက်ပါရန်။
ကညန၊ အရှေ့တိုင်းရုံး(တာချီလိတ်)။

ကျေးဇူးဆပ်ပါမည် ကျွန်တော်ဦးအောင်မြင့်ဦး CDC-49305 ၏ Fourtickets လက်မှတ်၊ သင်္ဘောသားလစာငွေအခွန် ပေးဆောင်ခြင်း ပြေစာများနှင့် နိုင်ငံခြားငွေစုစာအုပ်အမှတ် (၇၆၆၀၄)စာအုပ်တို့ ထည့်ထားသော အိတ်အနက်(လွယ်ကြိုးအရှည်) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၅၀-၁၅၃၁၅၊ ၀၉-၅၂-၀၀၂၁၉။**

ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ် ရန်ကုန်မြို့
၂၀၀၅-၂၀၀၆ ပညာသင်နှစ်
လုပ်ခွင်အကြိုဆရာအတတ်ပညာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂/၂၀၀၅)
သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၏အစီအစဉ်ဖြင့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ပညာရေးကောလိပ်များတွင် ဖွင့်လှစ်မည့်လုပ်ခွင်အကြိုဆရာအတတ်ပညာ ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၂/၂၀၀၅)သို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရပါမည်-

- (က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခု (ယဉ်ကျေးမှုတက္ကသိုလ်အပါအဝင်)မှဘွဲ့ (ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့/စီးပွားရေးဘွဲ့) ရပြီးသူဖြစ်ရမည်။
- (ဂ) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ် ဓာတ်ပုံမိတ္တူ(သို့မဟုတ်)ဘွဲ့ရကြောင်းထောက်ခံစာ ပူးတွဲတင်ပြရမည်။
- (ဃ) မွေးသက္ကရာဇ်အထောက်အထားအတွက် လျှောက်လွှာနှင့်အတူ အခြေခံပညာအထက်တန်းစာမေးပွဲ အောင်လက်မှတ် ဓာတ်ပုံမိတ္တူကို ပူးတွဲတင်ပြရမည်။
- (င) ၂၀၀၅ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် အသက် ၃၀နှစ်ထက်မကြီးသူ ဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက ၃၅ နှစ်ထက် မကြီးသူဖြစ်ရမည့်အပြင် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။ (ဝန်ထမ်းများသည် လစာမဲ့ဖြင့် သင်တန်းတက်ရပါမည်။)
- (စ) ပြစ်မှုကင်းရှင်းပြီး ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
- (ဆ) စေလွှတ်သည့်ပညာရေးကောလိပ်များသို့ တက်ရောက်နိုင်သူ ဖြစ်ရမည်။
- (ဇ) သင်တန်းအောင်မြင်ပြီးသူများအား ဆရာအတတ်ပညာကျွမ်းကျင်မှုလက်မှတ် (Teacher Education Competency Certificate-TECC) ချီးမြှင့်ပြီး မူလတန်းပြအဖြစ် စတင်ခန့်ထားပြီး နေရာလစ်လပ်မှုအရ အလယ်တန်းပြအဖြစ် ရာထူးတိုးမြှင့်ခန့်ထားပေးမည် ဖြစ်ပါသည်။
- (ဈ) သင်တန်းကာလမှာ ၂၀၀၅ခုနှစ် ဩဂုတ်လ ၁၂ရက်မှ ၂၀၀၆ခုနှစ် ဩဂုတ်လ ၇ရက်နေ့ထိဖြစ်ပါသည်။
- (ည) သင်တန်းကြေးကို တစ်လလျှင် ကျပ်(၁၀၀၀/-) ပေးသွင်းရပါမည်။
- (ဍ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူကို ဦးစားပေးရွေးချယ်မည်။

၃။ အလယ်တန်းပြဆရာအဖြစ် သတ်မှတ်ထားသည့် လုပ်သက်ပြည့်မြောက်ပါက ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်း ဝင်ခွင့် အစီအစဉ်အရ တက်ရောက်ခွင့်ရရှိမည်။

၄။ လူတွေ့နှုတ်ဖြေကို ၂၀၀၅ခုနှစ် ဇွန်လ ၃ ရက်နေ့မှစ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်းနှင့် မြို့နယ်ပညာရေးမှူးရုံးများ တွင် စစ်ဆေးဆောင်ရွက်မည် ဖြစ်ပါသည်။

၅။ လျှောက်ထားသူများသည် ပူးတွဲပါ သင်တန်းဝင်ခွင့် လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ပြုစုရေးသားဖြည့်သွင်းထားသော လျှောက်လွှာ (၃)စုံတွင် (၆)လအတွင်း ရိုက်ကူးထား သည့် ပတ်စပို့အရွယ် ဓာတ်ပုံ(မျက်မှန်တပ်ဆင်သူဖြစ်ပါက မျက်မှန်နှင့် ၁ပုံ၊ မျက်မှန်မပါ ၁ပုံ)ကို ကပ်၍ (ပူးတွဲရမည့် အထောက်အထားများနှင့်အတူ) သက်ဆိုင်ရာ ပြည်နယ်/တိုင်းပညာရေးမှူးရုံးများသို့ ၂၀၀၅ခုနှစ် မေလ ၂၀ ရက်နေ့ထက် နောက်မကျစေဘဲ ပေးပို့ရပါမည်။

ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ ၂၀၀၅ခုနှစ် ဧပြီလ ၁ ရက်

၂၀၀၅-၂၀၀၆ ပညာသင်နှစ်
လုပ်ခွင်ကြိုဆရာအတတ်ပညာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂/၂၀၀၅) သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသား(သို့မဟုတ်) နိုင်ငံခြားသား စိစစ်ရေးကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။လျှောက်ထားသူ၏ မွေးသက္ကရာဇ် .... ခုနှစ်၊....................လ၊ ....ရက်
၃။(အပထ(က)အဆင့်/ တက္ကသိုလ်ဝင်စာမေးပွဲ)
အောင်မြင်ခဲ့သည့် စာစစ်ဌာနနှင့် ပြည်နယ်/တိုင်း ....
၄။ဘွဲ့အမည်နှင့် အဓိကယူခဲ့သည့် ဘာသာ ....
အောင်မြင်ခဲ့သည့်တက္ကသိုလ်နှင့်ခုနှစ် ....
၅။အခြားသင်တန်းများသို့ လျှောက်ထားခြင်းရှိ/မရှိ ....
ရှိပါက (သင်တန်းအမည်) ....
၆။အိမ်ထောင်ရှိ/မရှိ (ရှိပါက) ဇနီး/ခင်ပွန်းအမည် ....
နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ....
၇။လက်ရှိနေရပ်လိပ်စာအပြည့်အစုံ ....
၈။မူလတန်းပြဆရာအဖြစ် ခန့်ထားပါက ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ
....

....
လျှောက်ထားသူလက်မှတ်

ရက်စွဲ။ ၂၀၀၅ခုနှစ် ဧပြီလ ရက်

ပြည်တွင်းစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုအရေးကြီးသည်ဟုခံယူ နည်းလမ်းအမျိုးမျိုးဖြင့် အနှောင့်အယှက်ပေးနေခြင်းမပြုလျှင် တိုးတက်မှုမြန်ဆန်လာမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

လက်ရှိဆက်ဆံရေးနှင့် အနာဂတ်ဆက်ဆံရေးတို့ကို ကဏ္ဍသစ်အဖြစ်တိုးမြှင့်ရန် ဆန္ဒရှိ မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်လျက် ဒီမိုကရေစီဖော်ဆောင်နေသည်မှာ အောင်မြင်မှုရရှိမည်ဟုယုံကြည်

ဗီယက်နမ်နိုင်ငံသမ္မတ Mr.Tran Duc Luong

ရန်ကုန် မေ ၁၀

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မေ ၇ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ဟနွိုင်းမြို့ရှိ သမ္မတနန်းတော်ဧည့်ခန်းမသို့သွားရောက်၍ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ Mr. Tran Duc Luong အား တွေ့ဆုံနှုတ်ဆက်သည်။

စာမျက်နှာ ၈ ကော်လံ ၃ ●

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ Mr. Tran Duc Luong အား ဟနွိုင်းမြို့ရှိ သမ္မတနန်းတော် ဧည့်ခန်းမသို့သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှု၊ ချစ်ကြည်ရင်းနှီးမှုအစဉ်အလာများရှိခဲ့ ခရီးစဉ်များတွင် သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

တည်ငြိမ်အေးချမ်းသာယာဝပြောပြီး လိုလားသည့်ဒီမိုကရေစီလမ်းစဉ်သို့ ရောက်ရှိမည်ယုံကြည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရာတွင် တိုးတက်မှုများရရှိနေသည်ကို ဆက်လက်မြှင့်တင်သွားမည်

ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်

ရန်ကုန် မေ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့်အတူ မေ ၇ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပသည့် ဟနွိုင်းမြို့ရှိ သမ္မတနန်းတော်မှ အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

မဟာသင်္ကြန်ကာလအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် မေ ၁၀

၁၃၆၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်**စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။**

ဧပြီ ၁၃ ရက်(မဟာသင်္ကြန်အကြိုနေ့)၊ ဧပြီ ၁၄ ရက် (မဟာသင်္ကြန်အကျနေ့)နှင့် ဧပြီ ၁၅ ရက် (မဟာသင်္ကြန်အကြတ်နေ့)တို့တွင် ကြေးမုံသတင်းစာကိုထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များ တွင် မြန်မာ့အလင်းသတင်းစာနှင့်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၆ ရက် (မဟာသင်္ကြန်အတက်နေ့)၊ ဧပြီ ၁၇ ရက် ၁၃၆၇ ခုနှစ် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)နှင့် ဧပြီ ၁၈ ရက်နေ့တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့ နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပမည့် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)